ငါ့ကိုရှာ သေသအခါစိတ်နှလုံး အကြွင်း
မဲ့ နှင့်ရှာလျှင် တွေ့ ကြလိမ့်မည်။

# ဘုရားသခင်ကို မည်သို့ သိကျွမ်း နိုင်မည်နည်း

# ဘုရားသခင်ကိုမည်သို့သိကျွမ်းနိုင်မည်နည်း

အာ ဗြဟံသည်ဘုရား သခင်၌သူ၏ ကျိုး နွံဆက်ကပ် ခြင်း နှင့် နာခံ ခြင်း အား ဖြင့်"ဘုရား သခင်၏ မိတ် ဆွေ" ဖြစ်ခဲ့ သကဲ့ သို့ ပင်၊ သင်သည်လည်း ကိုယ် တော်၏ ကရုဏာ တော်၊ ငြိမ်သက် ခြင်း နှင့် ကောင်း ချီး မင်္ဂလာများ ကို တွေ့ ကြုံခံစား ရလျက်၊ ဘုရား သခင်အား သိကျွမ်း လာနိုင်ပ ါသည်။ ယုံကြည်ကိုးစား စွာကိုယ် တော်ထံ၌အစစ်အမှန်ကျိုး နွံဆက်ကပ်အပ်နှံ ခြင်း ဖြင့်ဘုရား သခင် ကိုသိကျွမ်း လာရခြင်း သည်အသက်တာ၏ အရေး အကြီး ဆုံး သော အတွေ့ အကြုံတရပ်ဖြစ်ပ ါသည်။

သင်သည်သင်၏ စိတ်ကြိုက်သွား ရာလမ်း မှလှည့် ပြန်လျက် ဘုရား သခင်၌သင်၏ အသက်တာကိုအမှန်တကယ်ဆက် ကပ်အပ် နှံမည်ဆိုပ ါက၊ ကိုယ် တော်၏ ဝိညာဉ် တော်သည်သင်၏ အထဲ ၌ကျိန်း ဝပ် တော်မူလိမ့်မည်။ သင်သည်ကိုယ် တော်၏ ကတိ တော်များ ကိုယုံ ကြည်ကိုး စား ၍ နာခံ ခြင်း အား ဖြင့်ကိုယ် တော် နောက် တော်သို့ လိုက် လျှောက်သည်နှင့်အမျှ၊ မည် သည့်အရာကမျှသင့်အား ကိုယ် တော်၏ ချစ် ခြင်း မေတ္တာ တော်မှကွဲ ကွာ စေနိုင်လိမ့်မည်မဟုတ်ပ ါ။ ကိုယ် တော်သည်သင်၏ ဘုရား သခင် ဖြစ် တော်မူလိမ့်မည်။ သင်သည်လည်း ကိုယ် တော်၏ တန်ဖိုး ထား သောပိုင်ဆိုင် သော အရာ ဖြစ်လာ ပေလိမ့်မည်။ ကိုယ် တော်သည်သင့်အား ကြီး မား သောအဖိုး အခ ဖြင့်ဝယ်ယူခဲ့ ကြောင်း နှင့်၊ ကိုယ် တော်သည်သင် နှင့်အတူယခုမှစ၍ကာလအစဉ်အဆက်မိတ်သဟာယဖွဲ့ လိုတော်မူ ကြောင်းကိုသင်တွေ့ ရှိနားလည်လာလိမ့်မည်။

ဘုရား သခင်၏ နှုတ်ကပ ါတ်တော်မှ ကောက်နှုတ် ဖေါ် ပြထား သော ဤစာမျက်နှာများ ကိုသင် လေ့ လာသည့်အခါနား လည်နိုင် သောဉာဏ်ပေးပ ါမည်အကြောင်းဘုရား သခင်ထံဆုတောင်းပ ါ။

# စစ်မှန်သောဘုရားသခင်တဆူတည်းရှိတော်မူ၏ 

. . . . ငါတို့ ၏ ဘုရား သခင်ထာဝရဘုရား သည်တဆူတည်း သောထာဝရဘုရား ဖြစ် တော်မူ၏။ သင်၏ ဘုရား သခင်ထာဝရ ဘုရားကိုစိတ်နှလုံးအကြွင်းမဲ့၊အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့။

**တရားဟောရာကျမ်း ၆း၄(ခ)၊၅**

မိုး ကောင်း ကင်ကိုဖန်ဆင်း တော်မူ သောထာဝရဘုရား၊ မြေ ကြီး ကိုပြုပြင်ဖန်ဆင်း၍အမြဲတည်စေတော်မူသောအရှင်၊အချည်းနှီး ဖန်ဆင်း သည်မဟုတ်၊ သတ္တဝါ နေစရာဘို့ ဖန်ဆင်း တော်မူ သော ဘုရား သခင်မိန့် တော်မူသည်ကား၊ ငါသည်ထာဝရဘုရား ဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ။

**ဟေရှာယအနာဂတ္တိကျမ်း ၄၅း၁၈**

ထာဝရဘုရား သည်ဘုရား သခင် ဖြစ် တော်မူ ကြောင်း ကိုငှင်း၊ အ ခြား တပ ါး သောဘုရား သခင်မရှိ ကြောင်း ကိုငှင်း၊ မြေကြီး သား အပေါင်းတို့ သည်သိကြမည်အကြောင်း . . . .။

**ဓမ္မရာဇဝင်တတိယစောင် ၈း၅၉၊၆၀(က)**

ငါသည်ထာဝရဘုရား ဖြစ်၏။ ထိုနာမသည်ငါ့နာမ ဖြစ်၏။ ငါ့ဘုန်း ကိုအ ခြား သောသူအား ၄င်း၊ ငါ့အသ ရေကိုရုပ်တုဆင်း တုတို့အား၄င်း၊ငါမပေး။ **ဟေရှာယအနာဂတ္တိကျမ်း ၄၂း၈**

ထာဝရဘုရား မိန့် တော်မူသည်ကား၊ သင်တို့ သည်ငါ့ကို သိမှတ်ယုံ ကြည်၍၊ ငါသည်မှန် ပြီဟုနား လည်မည်အကြောင်း၊ ငါ၏ သက် သေ၊ ငါ ရွေး ကောက် သောကျွန်ဖြစ်ကြ၏။ ငါ့ရှေ့ မှာဖန်ဆင်း ရာထဲ ကအဘယ်ဘုရား သခင်မျှမ ဖြစ်၊ ငါ့ နောက်မှာလည်း အဘယ် ဘုရားသခင်မျှမရှိရာ။ **ဟေရှာယအနာဂတ္တိကျမ်း ၄၃း၁၀၊၁၁**

မြေ ကြီး စွန်း သား အပေ ါင်း တို့ ၊ ငါ့ကို မျှော် ကြည့်၍ ကယ်တင် ခြင်း ကျေး ဇူး ကိုခံ ကြ လော့။ ငါသည်ဘုရား သခင် ဖြစ်၏။ ငါမှတ ပ ါးအခြားသောဘုရားမရှိ။ **ဟေရှာယအနာဂတ္တိကျမ်း ၄၅း၂၂**

## ၂ ဘုရားသခင်သည်ကျေးဇူးနှင့်ကရုဏာ ကြွယ်ဝတော်မူ၏

ထာဝရဘုရား သည်သနား တတ် သောသ ဘော၊ ကျေး ဇူး ပြု တတ် သောသ ဘော၊ စိတ်ရှည်၍ ကရုဏာကြွယ်ဝ သောသ ဘောရှိ တော်မူ၏။ မြေ ကြီး ပေါ် တွင် ကောင်း ကင်အ မြင့်ရှိသည်အတိုင်း ထာဝရ ဘုရားကိုကြောက်ရွံ့သော သူတို့၌ ကရုဏာတော်သည် အားကြီးပေ၏။

**ဆာလံကျမ်း ၁၀၃း၈၊၁၁**

ထာဝရဘုရား ၏ ကရုဏာ တော်မူကား၊ ကြောက်ရွံ့ သောသူ တို့ အပေါ် သို့ ကာလအစဉ်သက် ရောက်တတ်၏။ သစ္စာ တော်ကို စောင့်၍၊ ပညတ် တော်တို့ ကိုကျင့် ခြင်း ငှါ၊ သတိပြု သောသူတို့ ၏ သားစဉ်မြေးဆက်တို့သည်ကုသလတရားတော်နှင့်ဆိုင်ရကြ၏။

**ဆာလံကျမ်း ၁၀၃း၁၇၊ ၁၈**

အ ပြစ်မှလွှတ် တော်မူထ သော....ကရုဏာ၌ မွေ့ လျော် သော....ကိုယ်တော်ကဲ့သို့အဘယ်ဘုရားရှိပါသနည်း။

**မိက္ခာအနာဂတ္တိကျမ်း ၇း၁၈**

ထာဝရဘုရား သည်သနား တော်မူ၍ ကရုဏာ တော်သည်မကုန် သောကြောင့်၊ငါတို့သည်ဆုံးရှုံးခြင်းသို့မရောက်ဘဲနေကြ၏။

**ယေရမိမြည်တမ်းစကား ၃း၂၂**

ဝမ်း နည်း စေ တော်မူ သော်လည်း၊ ကရုဏာ တော်များ ပြား သည်နှင့်အညီသနားတော်မူလိမ့်မည်။

**ယေရမိမြည်တမ်းစကား ၃း၃၂**

သနား တတ် သောသူတို့ အား ကိုယ် တော်သည်သနား တတ် သောသဘောကိုငှင်း....(ပြတော်မူ၏)။

**ဆာလံကျမ်း ၁၈း၂၅(က)**

ထာဝရဘုရား သည် ကောင်း မြတ် တော်မူ၍၊ ကရုဏာ တော် အစဉ်အ မြဲ တည် သော ကြောင့်၊ ဂုဏ် ကျေး ဇူး တော်ကိုချီး မွမ်း ကြ လော့။

**ရာဇဝင်ချုပ်ပထမစောင် ၁၆း၃၄**

ထာဝရဘုရား သည်အဝေး ကထင်ရှား ၍ မိန့် တော်မူသည် ကား၊ အကယ်စင်စစ်ထာဝရ မေတ္တာနှင့်သင့်ကိုငါချစ်၏။ ထို ကြောင့် ကရုဏာကျေးဇူးကိုသင်၌ကြာမြင့်စွာပြု၏။

**ယေရမိအနာဂတ္တိကျမ်း ၃၁း၃**

တဖန်မိန့် တော်မူသည်ကား၊ ငါသည်သင်တို့ ကိုအကျိုး နည်း စေ ခြင်း ငှါ ကြံစည် သောအ ကြံမဟုတ်ဘဲ သင်တို့ သည် မျှော်လင့် သောအကျိုး ကိုရမည်အကြောင်း၊ ငြိမ်ဝပ် စေ ခြင်း ငှါသာသင်တို့ အတို့ကြံစည်သောအကြံတို့ကိုငါသိ၏။

**ယေရမိအနာဂတ္တိကျမ်း ၂၉း၁၁**

အဘသည်သားတို့ ကိုသနားစုံမက် သည်နည်းတူ၊ ထာဝ ရဘု ရားသည်ကြောက်ရွံ့သောသူတို့ကိုသနားစုံမက်တော်မူ၏။

**ဆာလံကျမ်း ၁၀၃း၁၃**

အကျွန်ုပ်ခံရ သော ဝေဒနာသည် ငြိမ်း ပါပြီ။ အကျွန်ုပ်၏ ဝိညာဉ် ကိုသနား ၍ ဖျက်ဆီး ရာတွင်း ထဲ ကနှုတ်ယူ တော်မူပြီ။ အကျွန်ုပ်အပြစ် ရှိသမျှတို့ကိုနောက်ကော်သို့ပစ်လိုက်တော်မူပြီ။

**ဟေရှာယအနာဂတ္တိကျမ်း ၃၈း၁၇**

ဘုရား သခင်သည်ငါတို့ ကိုချစ် တော်မူ ခြင်း မေတ္တာ တော်ကိုငါတို့ သည်သိ၍ ယုံကြည် ကြ၏။ ဘုရား သခင်သည်ငါတို့ ကို ရှေး ဦး စွာချစ် တော်မူသောကြောင့်၊ငါတို့သည်ဘုရားသခင်ကိုချစ်ကြ၏။

**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄း၁၆(က)၊၁၉**

သင်၏ ဘုရား သခင်ထာဝရဘုရား သည်သင့်အလယ်၌ရှိ၍၊ တန်ခိုး ကြီး သောဘုရား သည်သင့်ကိုကယ်တင် တော်မူလိမ့်မည်။ သင်၌ အား ရ၍ဝမ်း မြောက် တော်မူလိမ့်မည်။ ချစ် ခြင်း မေတ္တာ၌ကျိန်းဝပ်၍ သီချင်းဆိုခြင်းနှင့်တကွသင်၌ဝမ်းမြောက်တော်မူလိမ့်မည်။

**ဇေဖနိအနာဂတ္တိကျမ်း ၃း၁၇**

# အသက်တာ၌အကြီးမြတ်ဆုံးသောအရာသည် ဘုရားကိုသိကျွမ်းရန်ပင်ဖြစ်သည်

. . . . မိမိတို့ ဘုရား သခင်ကိုသိ သောသူတို့ မူကား၊ ကြီး စွာ သောအားနှင့်ပြုကြလိမ့်မည်။ **ဒံယေလအနာဂတ္တိကျမ်း ၁၁း၃၂(ခ)**

ဝါကြွား သောသူမည်သည်ကား၊ ငါသည် မြေကြီး ပေါ် မှာချစ် သနား ခြင်း၊ တရား သ ဖြင့်စီရင် ခြင်း၊ ဖြောင့်မတ် ခြင်း ကိုပြု သော ထာဝရဘုရား ဖြစ် ကြောင်း တည်း ဟူ သောငါ့သ ဘောကိုသိနား လည် ခြင်း၌သာဝါကြွား စေ။ ငါသည်ထိုအရာတို့၌မွေ့ လျော်သည် ဟုထာဝရဘုရားမိန့်တော်မူ၏။ **ယေရမိအနာဂတ္တိကျမ်း ၉း၂၄**

သက် သေခံ တော်မူချက်တို့ ကို စောင့်၍၊ ကိုယ် တော်ကိုစိတ်နှလုံး အကြွင်းမဲ့ရှာသောသူတို့သည်မင်္ဂလာရှိကြ၏။ **ဆာလံကျမ်း ၁၁၉း၂**

အသက်ရှင် ခြင်း၊ သေ ခြင်း၊ ကောင်း ချီး ပေး ခြင်း၊ ကျိန် ခြင်း တို့ ကိုသင့်ရှေ့၌ ထားသည် . . . . သို့ဖြစ်၍ . . . . သင်၏ ဘုရားသ ခင်ထာဝရဘုရား ကိုချစ်၍စကား တော်ကိုနား ထောင်သဖြင့် . . . . ကိုယ် တော်ကိုဆည်း ကပ်မှီဝဲ မည်အကြောင်း . . . . အသက်တရား ကိုရွေးယူလော့။ **တရားဟောရာကျမ်း ၃၀း၁၉၊၂၀**

ယဇ်ပူ ဇော် ခြင်း အကျင့်ထက်သနား ခြင်း ကရုဏာအကျင့်ကို ၄င်း၊မီးရှို့ရာယဇ် ပူဇော်ခြင်းထက် ဘုရားသခင်နှင့်ကျွမ်း ဝင်ခြင်း ကို၄င်းငါနှစ်သက်၏။ **ဟောရှေအနာဂတ္တိကျမ်း ၆း၆**

သမင်ဒရယ်သည် ရေစီး သော ချောင်း ကို တောင့်တသကဲ့ သို့ အကျွန်ုပ်ဝိညာဉ်သည်ကိုယ်တော်ကိုတောင့်တပါသည်ဘုရား။
**ဆာလံကျမ်း ၄၂း၁**

ငါကိုယ်တိုင်သွား ၍ ငြိမ်ဝပ် ခြင်း ချမ်း သာကို ပေး မည်ဟုမိန့် တော်မူ၏။ **ထွက်မြောက်ရာကျမ်း ၃၃း၁၄**

## ဘုရားသခင်ကိုအမှီမပြုဘဲအသက်ရှင်ခြင်းသည် ပျက်စီးခြင်းအကြောင်းဖြစ်၏

သင်တို့ သည်ထာဝရဘုရား ဘက်၌ နေလျှင်၊ နေစဉ်ကာလ၊ ထာဝရဘုရား သည်သင်တို့ နှင့်အတူရှိ တော်မူမည်။ ထာဝရဘုရား ကိုရှာလျှင်အတွေ့ခံတော်မူမည်။စွန့်လျှင်သင်တို့ကိုစွန့်တော်မူမည်။

**ရာဇဝင်ချုပ်ဒုတိယစောင် ၁၅း၂(ခ)**

စိတ်နှလုံး သည်ခပ်သိမ်း သောအရာထက်စဉ်း လဲ တတ်၏။ အလွန်ယိုယွင်း သောသ ဘောရှိ၏။ စိတ်နှလုံး သ ဘောကိုအဘယ်သူ သိနိုင်သနည်း။ **သုတ္တံကျမ်း ၁၄း၂၅**

အကြောင်း မူကား၊ ပြစ်မှား သော ကောင်း ကင်တမန်တို့ ကို ဘုရား သခင်သည်နှ မြော တော်မမူ၊ ငရဲ ထဲ သို့ ချလိုက် ပြီး မှုစစ် ကြောစီရင် ခြင်း အလို့ငှါချုပ်ထား ၍၊ မှောင်မိုက်သံကြိုး နှင့်ချည် နှောင် တော်မူ၏။ ဘုရား ဝတ်၌ မွေ့ လျော် သောသူတို့ ကိုစုံစမ်း နှောင့်ယှက် ခြင်း အထဲ ကကယ်နှုတ် ခြင်း ငှါ၄င်း၊ အာဏာစက်ကိုမထီ မဲ့ မြင်ပြု သောသူတို့ ကိုဒဏ်ခံ စေမည်အကြောင်း၊ တရား ဆုံး ဖြတ် သော နေ့ အဘို့ ချုပ်ထား ခြင်း ငှါ၄င်း၊ ထာဝရဘုရား သည်တတ်နိုင် တော်မူ၏။ **ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၂း၄၊၉**

သို့ မဟုတ်ထာဝရဘုရား ၏ စကား တော်ကိုနား မ ထောင်၊ အာဏာ တော်ကိုဆန်လျှင်၊ ထာဝရဘုရား ၏ လက် တော်သည် . . . .သင်တို့ကိုဆီးတားတော်မူလိမ့်မည်။

**ဓမ္မရာဇဝင်ပထမစောင် ၁၂း၁၅**

ငါ၌မတည် သောသူသည် သွေ့ ခြောက် သောအခက်ကဲ့ သို့ ပြင်သို့ ပစ်လိုက် ခြင်း ကိုခံရ၏။ ထိုသို့ သောအခက်များ ကိုလူတို့ သည်စုသိမ်း ၍မီးထဲသို့ ချလိုက်ကြသဖြင့်မီး လောင်ခြင်းသို့ ရောက် ကြ၏။ **ရှင်ယောဟန်ခရစ်ဝင် ၁၅း၆**

## ၆ ဘုရားသခင်ကိုသိကျွမ်းရန်အတွက်၊ကိုယ်တော်အား ကျွန်ုပ်တို့ကြိုးစားရှာရမည်

ငါ့ကိုရှာ သောအခါစိတ်နှလုံး အကြွင်း မဲ့ နှင့်ရှာလျှင် တွေ့ ကြလိမ့်မည်။ **ယေရမိအနာဂတ္တိကျမ်း ၂၉း၁၃**

ဝှက်ထား သောဘဏ္ဍာကိုစူး စမ်း တတ်သကဲ့ သို့ . . . . စူး စမ်း လျှင် . . . . ဘုရားသခင်ကိုသိသောဉာဏ်နှင့်ပြည့်စုံလိမ့်မည်။

**သုတ္တံကျမ်း ၂း၄၊၅**

တောင်း ကြ လော့၊ တောင်း လျှင်ရမည်။ ရှာ ကြ လော့၊ ရှာလျှင် တွေ့မည်။တံခါးကိုခေါက်ကြလော့။ခေါက်လျှင်ဖွင့်မည်။

**ရှင်မဿဲခရစ်ဝင် ၇း၇**

ယုံ ကြည် ခြင်း မရှိလျှင်ဘုရား သခင်၏ စိတ် တော်နှင့်မ တွေ့ နိုင်။ အကြောင်း မူကား ဘုရား သခင့်အထံ တော်သို့ ချဉ်း ကပ် သောသူ သည်ဘုရား သခင်ရှိ တော်မူသည်ကိုငှင်း၊ ကိုယ် တော်ကိုရှာ သောသူ အားအကျိုးပေးတော်မူသည်ကိုငှင်းယုံကြည်ရမည်။

**ဟေဗြဲသြဝါဒစာ ၁၁း၆**

ငါ့ကိုချစ် သောသူတို့ ကိုငါချစ်၏။ ငါ့ကိုကြိုး စား ၍ ရှာ သော သူတို့သည်တွေ့တတ်ကြ၏။ **သုတ္တံကျမ်း ၈း၁၇**

ကိုယ် တော်ကို မြော်လင့် သောသူနှင့်ကိုယ် တော်ကိုရှာ သော သူ၏စိတ်ဝိညာဉ်အားထာဝရဘုရားသည်ကျေးဇူးပြုတော်မူ၏။

**ယေရမိမြည်တမ်းစကား ၃း၂၅**

ဘုရား သခင်သည် မြေတ ပြင်လုံး ၌ နေရ သောလူအမျိုး မျိုး တို့ ကို၊ တသွေး တည်း နှင့်ဖန်ဆင်း တော်မူ၍၊ . . . . အကြောင်း မူကား၊ လူတို့ သည်ဘုရား သခင်ကိုရှာစမ်း သ ဖြင့် တွေ့ ကောင်း တွေ့ ကြ လိမ့်မည်အကြောင်း တည်း။ သို့ ဆို သော်လည်း၊ ဘုရား သခင်သည် ငါတို့တွင်အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်။

**တမန်တော်ဝတ္ထု ၁၇း၂၆(က)၊၂၇**

## ဘုရားသခင်သည်အကျွန်ုပ်တို့အားအထံတော်သို့ လာစေလိုတော်မူသည်

သင်တို့၏ ဘုရား သခင်ထာဝရဘုရား သည် ကျေး ဇူး ပြု ခြင်း သဘော၊ သနား တတ် သောသဘောရှိ သော ကြောင့်၊ သင်တို့ သည်အထံ တော်သို့ ပြန်လာလျှင်၊ မျက်နှာ တော်ကိုသင်တို့ မှလွှဲ တော်မမူ။ **ရာဇဝင်ချုပ်ဒုတိယစောင် ၃၀း၉(ခ)**

အိုထာဝရဘုရား၊ ကိုယ် တော်သည် ကောင်း သောသ ဘော၊ သည်း ခံတတ် သောသ ဘောနှင့် ပြည့်စုံ၍၊ ကိုယ် တော်ကိုပဏ္ဍနာပြု သောသူအပေါင်းတို့အား၊ကရုဏာတော်ကြွယ်ဝပါ၏။

**ဆာလံကျမ်း ၈၆း၅**

ဘုရား သခင်၌ချဉ်း ကပ်ကြလော့။ သို့ပြုလျှင်သင်တို့၌ချဉ်း ကပ်တော်မူလိမ့်မည်။ **ရှင်ယာကုပ်ဩဝါဒစာ ၄း၈(က)**

ထာဝရဘုရား သည်ပဏ္ဍနာပြု သောသူအပေါင်း၊ သစ္စာနှင့်တကွပဏ္ဍနာပြုသောသူအပေါင်းတို့၏အနီးအပါး၌ရှိတော်မူ၏။

**ဆာလံကျမ်း ၁၄၅း၁၈**

ထာဝရဘုရား မိန့် တော်မူသည်ကား၊ လာ ကြ၊ တရား စီရင် ကြကုန်အံ့။ သင်တို့ အ ပြစ်သည်နီ သောအဆင်း ရှိ သော်လည်း၊ မိုးပွင့်ကဲ့ သို့ ဖြူလိမ့်မည်။ ကတ္တီပါနီနှင့်အမျှနီ သော်လည်း သို့ မွေး ကဲ့ သို့ဖြစ်လိမ့်မည်။ **ဟေရှာယအနာဂတ္တိကျမ်း ၁း၁၈**

ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်း သာ ပေး မည်။ ငါ့ထမ်း ဘိုး ကိုတင်၍ ထမ်း ကြလော့။ ငါ့ထံ၌နည်း ခံကြ လော့။ ငါသည်နူး ညံ့ သိမ် မွေ့ နှိမ့်ချသော စိတ်သ ဘောရှိ၏။ သင်တို့ စိတ်နှလုံး သည်သက်သာ ခြင်း ကိုရလိမ့်မည်။ **ရှင်မဿဲခရစ်ဝင် ၁၁း၂၈၊၂၉**

ငါ့ထံသို့လာသောသူကိုငါသည်အလျှင်းမပယ်။

**ရှင်ယောဟန်ခရစ်ဝင် ၆း၃၇(ခ)**

အိုထာဝရဘုရား . . . . သန့်ရှင်း ခြင်း အား ဖြင့်ဘုန်း ကြီး တော်မူထသော . . . . ကိုယ်တော်နှင့်အဘယ်ဘုရားတူပါသနည်း။

**ထွက်မြောက်ရာကျမ်း ၁၅း၁၁**

ထာဝရဘုရား သန့်ရှင်း တော်မူသကဲ့ သို့ အဘယ်သူမျှမသန့်ရှင်း၊ကိုယ်တော်မှတပါးအခြားသောဘုရားမရှိ။

**ဓမ္မရာဇဝင်ပထမစောင် ၂း၂**

ဒုစရိုက်သည်ဘုရား သခင်နှင့်၄င်း၊ အ ပြစ်သည်အနန္တတန်ခိုး ရှင်နှင့်၄င်း၊ဝေးပါစေ။ **ယောဘဝတ္ထု ၃၄း၁၀(ခ)**

ကောင်း ကင်ဗိုလ် ခြေအရှင်ထာဝရဘုရား သည်သန့်ရှင်း တော်မူ၏။ သန့်ရှင်း တော်မူ၏။ သန့်ရှင်း တော်မူ၏။ မြေကြီး လုံး သည် ဘုန်းတော်နှင့်ပြည့်လေ၏။ **ဟေရှာယအနာဂတ္တိကျမ်း ၆း၃**

အကြောင်း မူကား၊ သန့်ရှင်း ခြင်း ဟုနာမရှိ တော်မူထ သော၊ အနန္တကာလတည်း ဟူ သောဘုံဗိမာန်၌စံ တော်မူထ သော၊ အထွဋ်အ မြတ်ဖြစ် တော်မူ သောဘုရား မိန့် တော်မူသည်ကား၊ ငါသည်မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၅၇း၁၅(က)**

ထာဝရဘုရား ၏ လမ်း ခရီး တော်ရှိသမျှတို့ သည် ဖြောင့်မတ်၍ ခပ်သိမ်းသောအမှုတော်တို့သည်သန့်ရှင်းကြပါ၏။

**ဆာလံကျမ်း ၁၄၅း၁၇**

ဘုရားသခင်တပါးတည်းသာကောင်းမြတ်တော်မူ၏။

**ရှင်မာကုခရစ်ဝင် ၁၀း၁၈(ခ)**

အိုထာဝရဘုရား၊ ကိုယ် တော်ကိုမ ကြောက်ရွံ့ ဘဲ၊ နာမ တော်ကိုမချီး မွမ်း ဘဲ၊ အဘယ်သူ နေရပါအံ့ နည်း။ ကိုယ် တော်တပါး တည်းသာလျှင်သန့်ရှင်းတော်မူ၏။ **ဗျာဒိတ်ကျမ်း ၁၅း၄(က)**

## ဘုရားသခင်၏လူတို့သည်သန့်ရှင်းသော အသက်တာ၌အသက်ရှင်ရမည်

ဘုရား သခင်တဆူတည်း ရှိသည်ဟုသင်သည်ယုံ၏။ ကောင်းပေ၏။ နတ်ဆိုးတို့သည်ယုံ၍ ကြောက်ရွံ့တုန်လှုပ်ကြ၏။ လျှပ်ပေါ်သောလူ၊ အကျင့်နှင့်ကင်း သောယုံကြည်ခြင်း သည်အသေ ဖြစ်သည်ကိုသိချင်သလော။

ကိုယ်ကိုကိုယ်လှည့်ဖြား ၍ နှုတ်ကပတ်တရား ကိုနာရုံမျှသာပြုသောသူမဟုတ်။တရားကိုကျင့်သောသူဖြစ်ကြလော့။

**ရှင်ယာကုပ်ဩဝါဒစာ ၂း၁၉၊၂၀၊၁း၂၂**

ထိုသခင်ကိုငါသိ၏ ဟုပညတ် တော်တို့ ကိုမ စောင့်ဘဲ လျက်ဆိုသောသူသည်မုသာကိုသုံး သောသူ ဖြစ်၍ ထိုသူ၌သစ္စာမရှိ။ ထိုသို့သောလက္ခဏာအား ဖြင့်ဘုရား သခင်၏ သား တို့ နှင့်မာရ်နတ်၏သား တို့ သည်ထင်ရှား ကြ၏။ ဖြောင့်မတ် ခြင်း တရား ကိုမကျင့်သောသူ၊ မိမိညီအစ်ကိုကိုမချစ် သောသူမည်သည်ကား၊ ဘုရား သခင်နှင့်မဆိုင်။ **ရှင်ယောဟန်ဩဝါဒစာပထမစောင် ၂း၄၊ ၃း၁၀**

မတရား သောသူလိုက် သောလမ်း ကိုထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏။ ဖြောင့်မတ်ခြင်း တရားလမ်းသို့ လိုက်သောသူကိုကားချစ်တော်မူ၏။ **သုတ္တံကျမ်း ၁၅း၉**

လူအပေါင်း တို့ နှင့်အသင့်အတင့် နေ၍ ငြိမ်သက် ခြင်း ကိုငှင်း၊ သန့် ရှင်း ခြင်းပါရမီကိုငှင်း၊မှီအောင်လိုက်ကြလော့။သန့် ရှင်း ခြင်းပါရမီမရှိလျှင်အဘယ်သူမျှထာဝရဘုရားကိုမဖူးမမြင်ရ။

**ဟေဗြဲဩဝါဒစာ ၁၂း၁၄**

သင်တို့ ကိုခေါ် တော်မူ သောသူသည်သန့် ရှင်း တော်မူသည်နည်းတူ၊ကျင့်ကြံပြုမူသမျှတို့၌သန့်ရှင်းခြင်းရှိကြလော့။

**ရှင်ပေတရုဩဝါဒစာပထမစောင် ၁း၁၅**

တရား သ ဖြင့်ပြု ခြင်း၊ ကရုဏာကိုနှစ်သက် ခြင်း၊ သင်၏ ဘုရား သခင် ရှေ့ တော်၌နှိမ့် ချသောစိတ်နှင့်ကျင့် နေ ခြင်း မှတပါး အ ဘယ်ပူဇော်သက္ကာကိုထာဝရဘုရားတောင်းတော်မူသနည်း။

**မိက္ခာအနာဂတ္တိကျမ်း ၆း၈(ခ)**

သင်တို့ ၏ ဘုရား သခင်ငါထာဝရဘုရား သည်သန့် ရှင်း သောကြောင့်သင်တို့လည်းသန့်ရှင်းခြင်းရှိကြလော့။

**ဝတ်ပြုရာကျမ်း ၁၉း၂(ခ)**

သင်၏ ဘုရား သခင်ထာဝရဘုရား ကိုစိတ်နှလုံး အကြွင်း မဲ့၊ အ စွမ်း သတ္တိရှိသမျှ၊ ဥာဏ်ရှိသမျှနှင့်ချစ် လော့။ ကိုယ်နှင့်စပ်ဆိုင် သော သူကိုကိုယ်နှင့်အမျှချစ်လော့။ **ရှင်လုကာခရစ်ဝင် ၁ဝး၂၇**

သင်သည်ပညတ် တော်တို့ ကိုသိသည်မဟုတ် လော။ သူ့ မယား ကိုမ ပြစ်မှား နှင့်။ လူအသက်ကိုမသတ်နှင့်။ သူ့ ဥစ္စာကိုမခိုး နှင့်။ မမှန် သောသက် သေကိုမခံနှင့်။ သူ့ ဥစ္စာကိုမတရား သ ဖြင့်မသိမ်း နှင့်။ မိဘကိုရိုသေစွာပြုလော့။ **ရှင်မာကုခရစ်ဝင် ၁ဝး၁၉**

သင်တို့ သည် လောကီပုံသဏ္ဍာန်ကိုမ ဆောင် ကြနှင့်။ .... စိတ်နှလုံး ကိုအသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်း လဲ ခြင်း သို့ ရောက် ကြလော့။ **ရောမသြဝါဒစာ ၁၂း၂**

ထိုပညတ္တိ ကျမ်းစာ၌ရေး ထားသမျှအ တိုင်းကျင့်မည်ဟုစောင့် ရှောက် ခြင်း အလို့ငှါကျမ်း စာကိုမဖတ်မရွတ်ဘဲ မ နေ၊ နေ့ ညဉ့်မ ပြတ် ကြည့်ရှုဖတ်ရွတ်ရမည်။ သို့ ပြုလျှင်သင်သည်အ ကြံထ မြောက်၍ အောင်မြင်လိမ့်မည်။ **ယောရှုမှတ်စာ ၁း၈**

ဘုရားသခင်ကိုယုံကြည်ခြင်းရှိကြလော့။

**ရှင်မာကုခရစ်ဝင် ၁၁း၂၂**

## ထာဝရဘုရားမုန်းတော်မူသောအရာများ

ထာဝရဘုရား မုန်း တော်မူ သောအရာ ခြောက်ပါး မက၊ စက်ဆုပ်ရွံရှာ တော်မူ သောအရာခုနစ်ပါး ဟူမူကား၊ ထောင်လွှားသောမျက်နှာတပါး၊ မုသာ၌ကျင်လည် သောလျှာတပါး၊ အ ပြစ်မရှိ သောသူ၏ အသက်ကိုသတ် သောလက်တပါး၊ မ ကောင်း သောအကြံကို ကြံစည် သောနှလုံး တပါး၊ အ ပြစ်ပြုရာသို့ အလျင်အ မြန် ပြေးတတ် သော ခြေတပါး၊ မုသာစကား ကို ပြော၍ မမှန် သောသက်သေတပါး၊ အပေါင်း အဘော်ချင်း ရန် တွေ့ စေ ခြင်း ငှါပြုတတ်သောသူတပါးတည်း။

**သုတ္တံကျမ်း ၆း၁၆–၁၉**

အကြောင်း မူကား၊ ငါထာဝရဘုရား သည်တရား သ ဖြင့်စီရင်ခြင်းကိုနှစ်သက်၏။လုယူခြင်းအမှုနှင့်အဓမ္မအမှုကိုမုန်း၏။

**ဟေရှာယအနာဂတ္တိကျမ်း ၆၁း၈(က)**

ကြောက်တတ်သော သူ၊မယုံကြည် သောသူ၊စက်ဆုပ်ရွံရှာ ဖွယ်သောသူ၊ လူအသက်ကိုသတ် သောသူ၊ မတရား သော မေထုန်၌မှီဝဲသောသူ၊ ပြုစား တတ် သောသူ၊ ရုပ်တုကိုကိုး ကွယ် သောသူ၊ သစ္စာပျက်သောသူအပေါင်း တို့ မူကား၊ ဒုတိယ သေ ခြင်း တည်း ဟူ သောကန့်နှင့်လောင်သောမီးအိုင်ထဲ၌မိမိတို့အဘို့ကိုရကြလိမ့်မည်။

**ဗျာဒိတ်ကျမ်း ၂၁း၈**

သို့ ဖြစ်၍ ကိုယ်စိတ်သ ဘောကိုချုပ်တည်း ကြ လော့။ အသက်ပျိုစဉ်အခါလက်ထပ် သောမယား ကိုသစ္စာဖျက်၍ မ ပြစ်မှား ကြနှင့်။ မယား ကိုစွန့် ခြင်း အမှု၊ မိမိခင်ပွန်း၌ ပြစ်မှား သောအ ပြစ်ကိုဖုံး အုပ်ခြင်းအမှုကိုငါမုန်းသည်ဟု . . . . ထာဝရဘုရားမိန့်တော်မူ၏။

**မာလခိအနာဂတ္တိကျမ်း ၂း၁၅(ခ)၊၁၆(က)**

တယောက်ကိုတယောက်အဘယ်သူမျှမ ကောင်း သောအ ကြံကိုမ ကြံ ကြနှင့်။ မမှန် သော ကျိမ်ဆို ခြင်း ကိုမနှစ်သက် ကြနှင့်။ ထိုသို့သောအမှုရှိသမျှကိုငါမုန်းသည်ဟုထာဝရဘုရားမိန့်တော်မူ၏။

**ဇာခရိအနာဂတ္တိကျမ်း ၈း၁၇**

# ဘုရားသခင်၏သတ်မှတ်ထားသော လိုအပ်ချက်များကိုလူတို့သည်လိုက်၍မမှီကြ

သို့ သော်လည်း ဘုရား သခင်ကိုချစ် ခြင်း မေတ္တာသည်သင်တို့၌မရှိသည်ကိုငါသိ၏။ **ရှင်ယောဟန်ခရစ်ဝင် ၅:၄၂**

အဘယ်သို့ နည်း ဟူမူကား၊ ပညတ်တရား အလုံး စုံကိုစောင့် ရှောက်သည်တွင်တစုံတခု၌မှား မိလျှင်၊ ပညတ်တရား အလုံး စုံကိုလွန်ကျူး သောအပြစ်ရှိ၏။ **ရှင်ယာကုပ်ဩဝါဒစာ ၂:၁၀**

ငါကလည်း၊ ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုး နည်း ပြီ။ အကြောင်း မူကား၊ ငါသည်ညစ်ညူး သောနှုတ်ခမ်း ရှိလျက်၊ ညစ်ညူး သောနှုတ်ခမ်း ရှိ သောလူမျိုး တွင် နေလျက်နှင့်၊ ကောင်း ကင်ဗိုလ်ခြေအရှင်ထာဝရဘုရား တည်း ဟူ သောရှင်ဘုရင်ကို၊ ကိုယ်မျက်စိနှင့်မြင်လေပြီတကားဟုဆို၏။ **ဟေရှာယအနာဂတ္တိကျမ်း ၆:၅**

ထို ကြောင့်၊ ကောင်း သောအကျင့်ကိုသိလျက်နှင့်မကျင့်ဘဲ နေသောသူသည်အပြစ်ရှိ၏။ **ရှင်ယာကုပ်ဩဝါဒစာ ၄:၁၇**

ကျမ်း စာလာသည်ကား၊ ဖြောင့်မတ် သောသူမရှိ၊ တယောက်မျှမရှိ။ **ရောမဩဝါဒစာ ၃:၁၀**

အဘယ် ကြောင့်နည်း ဟူမူကား၊ လူအပေါင်း တို့ သည်ဒုစရိုက်ကိုပြု၍ဘုရားသခင့်ရှေ့တော်၌အသရေပျက်ကြပြီ။ **ရောမဩဝါဒစာ ၃:၂၃**

ဖြောင့်မတ် ခြင်း တရား ကိုမကျင့် သောသူ၊ မိမိညီအစ်ကိုကိုမချစ်သောသူမည်သည်ကားဘုရားသခင်နှင့်မဆိုင်။ **ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃:၁၀(ခ)**

ငါတို့ ရှိသမျှသည်သိုး ကဲ့ သို့ လမ်း လွဲ လျက်ကိုယ်လမ်း သို့ အသီးသီးလိုက်သွားကြသည်ဖြစ်၍ . . . .။ **ဟေရှာယအနာဂတ္တိကျမ်း ၅၃:၆(က)**

# ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားအားဖြင့် ဘုရားသခင်အားမနှစ်သက်စေနိုင်

ထိုသူတို့သည်မှန်သောပညာမရှိသော်လည်း၊ ဘုရားသခင်ဘက်၌စိတ်အားကြီးသည်ဟုသူတို့အဘို့ငါသက်သေခံ၏။ ထိုသူတို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားကိုမသိဘဲ၊ကိုယ်ဖြောင့်မတ်ခြင်းတရားကိုတည်စေခြင်းငှါရှာကြံသောကြောင့်ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတရားကိုဝန်မခံကြ။ **ရောမသြဝါဒစာ ၁၀း၂၊၃**

အကျွန်ုပ်တို့ရှိသမျှသည်စင်ကြယ်ခြင်းမရှိပါ။ ပြုဘူးသမျှသောကုသိုလ်ကောင်းမှုတို့သည်ညစ်သောအဝတ်နှင့်တူကြပါ၏။
**ဟေရှာယအနာဂတ္တိကျမ်း ၆၄း၆ (က)**

ဖြောင့်မတ် သောသူသည်စင်စစ်အသက်ရှင်ရလိမ့်မည်ဟုငါဆိုသော်လည်းသူ သည်မိမိ ဖြောင့် မတ်ခြင်းကို ကိုးစား၍ ဒုစရိုက်ကိုပြုမိလျှင်၊အရင်ဖြောင့်မတ်ခြင်းအမှုတစုံတခုကိုမျှမအောက်မေ့ရ။ ပြုမိသောဒုစရိုက်ကြောင့်အသေခံရလိမ့်မည်။
**ယေဇကျေလအနာဂတ္တိကျမ်း ၃၃း၁၃**

ထို့ ကြောင့်ဇာတိပကတိ၌ကျင်လည် သောသူတို့ သည်ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်ကြ။ **ရောမသြဝါဒစာ ၈း၈**

ပညတ်တရား၏အကျင့်အားဖြင့်ဘုရားသခင်ရှေ့တော်၌အဘယ်သူမျှဖြောင့်မတ်ရာသို့မရောက်ရာ။ **ရောမသြဝါဒစာ ၃း၂၀ (ခ)**

ငါတို့သည်ကိုယ်တန်ခိုးကိုအမှီပြု၍၊ကိုယ်အလိုအလျောက်တစုံတခုကိုကြံစည်ခြင်းငှါတတ်နိုင်သည်မဟုတ်။ ဘုရားသခင်ကိုအမှီပြု၍သာတတ်နိုင်သည်။ **ကောရိန္သုသြဝါဒစာဒုတိယစောင် ၃း၅**

## အပြစ်သည်ကျွန်ုပ်တို့အား ဘုရားသခင်ထံမှကွဲကွာစေသည်

ဤအကြောင်း အရာဟူမူကား၊ အ ပြစ်တရား သည်တယောက် သောသူအား ဖြင့် ဤ လောကသို့ ဝင်၍၊ အ ပြစ်တရား အား ဖြင့် သေခြင်း တရား ဝင်သည်နှင့်အညီလူအပေါင်း တို့ သည်အ ပြစ်ရှိ သောကြောင့်သေခြင်းသို့ရောက်ရကြ၏။ **ရောမဩဝါဒစာ ၅း၁၂**

တပ်မက် သောစိတ်သည်ပဋိသ န္ဓေယူ၍ ဒုစရိုက်ကိုဖွား တတ်၏။ ဒုစရိုက်သည်လည်းပြည့်စုံလျှင်သေခြင်းကိုဖွားတတ်၏။

**ရှင်ယာကုပ်ဩဝါဒစာ ၁း၁၅**

ပြစ်မှားသောသူသည်အသေခံရမည်။

**ယေဇကျေလအနာဂတ္တိကျမ်း ၁၈း၂၀(က)**

သင်တို့ ဒုစရိုက်သည်သင်တို့ ကိုဘုရား သခင်နှင့်ကွာ စေ ပြီ။ ကြား တော်မမူ စေ ခြင်း ငှါ၊ သင်တို့ အ ပြစ်သည်မျက်နှာ တော်ကိုလွှဲစေပြီ။ **ဟေရှာယအနာဂတ္တိကျမ်း ၅၉း၂**

ဖြောင့်မတ် ခြင်း တရား သည်အသက်ရှင် ခြင်း နှင့်ဆိုင်သကဲ့ သို့၊ ဒုစရိုက်ကိုလိုက်ရှာ သောသူသည်လည်း မိမိ သေ ခြင်း တိုင် အောင် လိုက်ရှာတတ်၏။ **သုတ္တံကျမ်း ၁၁း၁၉**

ဘုရား သခင်မိန့် တော်မူသည်ကား၊ သင်တို့ သည်ကိုယ်အကျိုး ကိုပျက် စေ ခြင်း ငှါ၊ ထာဝရဘုရား ၏ ပညတ် တော်တို့ ကိုအဘယ် ကြောင့်လွန်ကျူး ကြသနည်း။ သင်တို့ သည်ထာဝရဘုရား ကိုစွန့် သောကြောင့်သင်တို့ကိုလည်းစွန့်တော်မူပြီဟုမြွက်ဆို၏။

**ရာဇဝင်ချုပ်ဒုတိယစောင် ၂၄း၂၀(ခ)**

ငြင်း ဆန် သောသ ဘောသည်နတ်ဆိုး နှင့် ပေါင်း ဖေါ် ခြင်း ကဲ့ သို့ ၄င်း၊ ခိုင်မာ သောသ ဘောသည် ဗေဒင်တန်ဆာကိုသုံး ခြင်း ကဲ့ သို့ ၄င်း၊ အ ပြစ် ကြီး ၏။ သင်သည်ထာဝရဘုရား ၏ စကား တော် ကိုပယ် သော ကြောင့်ထာဝရဘုရား သည်. . . .သင့်ကိုပယ် တော် မူပြီ။ **ဓမ္မရာဇဝင်ပထမစောင် ၁၅း၂၃**

## ဘုရားသခင်၏အမျက်တော်သည်ဒုစရိုက် အပြစ်အပေါ်၌သင့်ရောက်ပေ၏

ဘုရား သခင်သည်တရား သ ဖြင့်စီရင် သောဘုရား ဖြစ်၍ မတရားသောသူကိုအစဉ်အမြဲကြောက်တော်မူ၏။ **ဆာလံကျမ်း ၇:၁၁**

ထာဝရဘုရား သည်စိတ်ရှည် တော်မူ၏။ တန်ခိုး လည်း ကြီးတော်မူ၏။ သို့ ရာတွင်အ ပြစ်တည် သောသူတို့ ကိုအ ပြစ်မှလွှတ်တော်မမူ။ **နာဟုံအနာဂတ္တိကျမ်း ၁:၃(က)**

ထိုအမှုများ ကြောင့်ဘုရား သခင်၏ အမျက် တော်သည် ငြင်းဆန်သောသူတို့အပေါ်၌သင့်ရောက်ပေ၏။

**ကောလောသဲဩဝါဒစာ ၃:၆**

သမ္မာတရား ကိုအဓမ္မ ဖြင့်ဆီး တား နှိပ်စက် သောသူတို့ ပြုတတ်သောဘုရားမဲ့ နေခြင်းအမှု၊တရား ကိုလွန်ကျူး ခြင်းအမှုအမျိုးမျိုးတို့ တဘက်၌ဘုရား သခင်၏ အမျက် တော်သည် ကောင်း ကင်မှထင်ရှားလျက်ရှိ၏။ **ရောမဩဝါဒစာ ၁:၁၈**

သူတို့ သည်အလုံး စုံ သောအဓမ္မကျင့် ခြင်း၊ မတရား သော မေထုန်ကိုပြု ခြင်း၊ ဆိုး ညစ် ခြင်း၊ လောဘလွန်ကျူး ခြင်း၊ မနာလို ခြင်း၊ ငြူစူ ခြင်း၊ လူအသက်ကိုသတ် ခြင်း၊ ရန် တွေ့ ခြင်း၊ လှည့် ဖြား ခြင်း၊ သူတပ ါး ကိုမြင်ပျင်း ခြင်းတို့ နှင့်ပြည့်စုံသောသူ၊ ချောစား သောသူ၊ ဆဲရေး သောသူ၊ ဘုရား သခင်ကိုမုန်း သောသူ၊ ကြမ်း တမ်း သောသူ၊ မာန ထောင်လွှား သောသူ၊ ဝ ါကြွား သောသူ၊ မတတ် ကောင်း သောအတတ်ကိုစီရင် သောသူ၊ မိဘစကား ကိုနား မ ထောင် သောသူ၊ သတိမရှိ သောသူ၊ သစ္စာပျက် သောသူ၊ မိဘသား မယား စသည်တို့ ကိုမချစ်သောသူ၊ ရန်ငြိုး ထား သောသူ၊ သနား ခြင်း ကရုဏာစိတ်မရှိ သောသူ ဖြစ် ကြ၏။ ထိုသို့ ကျင့် သောသူတို့ သည် သေ ပြစ်ကိုခံထိုက်သည်ဟု ဘုရား သခင်စီရင် တော်မူ ကြောင်း ကိုထိုသူတို့ သည်သိလျက်ပင်ကိုယ်တိုင်ကျင့်သည်သာမက၊ ထိုသို့ ကျင့် သောသူတို့ ၌အား ရဝမ်းမြောက်ကြ၏။ **ရောမဩဝါဒစာ ၁:၂၉-၃၂**

လူသည်တခါတည်း သေ၍၊ ထို နောက်မှတရား စီရင် တော်မူ ခြင်းကိုခံရသကဲ့သို့ . . . .။ **ဟေဗြဲသြဝါဒစာ ၉း၂၇**

သေလွန် သောသူအ ကြီး အငယ်တို့ သည်ပလ္လင် တော် ရှေ့ မှာ ရပ် နေ ကြသည်ကိုငါ မြင်၏။ စာ စောင်များ ကိုဖွင့်ထား ၏။ အသက် စာ စောင်တည်း ဟူ သောအ ခြား တပါး သောစာ စောင်ကိုလည်း ဖွင့် လေ၏။ သေလွန် သောသူတို့ သည်မိမိတို့ အကျင့်အတိုင်း၊ စာ စောင်တို့ ၌ ရေး ထား ချက်များ နှင့်အညီတရား စီရင် ခြင်း ကိုခံရ ကြ ၏။ အသက်စာ စောင်၌စာရင်း မဝင် သောသူရှိသမျှတို့ ကိုလည်း မီး အိုင်ထဲသို့ချပစ်လေ၏။ **ဗျာဒိတ်ကျမ်း ၂၀း၁၂၊၁၅**

အသက်ရှင် တော်မူ သောဘုရား သခင်၏ လက် တော်သို့ ကျ ရောက်ခြင်းအမှုသည်ကြောက်မက်ဖွယ်သောအမှုဖြစ်သတည်း။

**ဟေဗြဲသြဝါဒစာ ၁၀း၃၁**

ငါဆိုသည်ကား၊ လူတို့ သည်အကျိုး မဲ့ သောစကား ကို ပြော သမျှအတွက်၊ တရား ဆုံး ဖြတ် သော နေ့ ၌စစ် ကြော ခြင်း ကိုခံရ ကြလတ္တံ့။ **ရှင်မဿဲခရစ်ဝင် ၁၂း၃၆**

အကြောင်း မူကား၊ ဘုရား သခင်သည်ခပ်သိမ်း သောဝှက်ထား ခြင်း မှစ၍၊ အလုံး စုံ သောအမှု ကောင်း မ ကောင်း ရှိသမျှတို့ ကိုစစ် ကြော၍တရားသဖြင့်စီရင်တော်မူလတ္တံ့သတည်း။

**ဒေသနာကျမ်း ၁၂း၁၄**

ထိုနည်း တူကမ္ဘာအဆုံး ၌ ကောင်း ကင်တမန်တို့ သည်ဆင်း လာ ပြီး လျှင် ဖြောင့်မတ် သောသူတို့ အထဲ မှဆိုး သောသူတို့ ကိုနှုတ် ယူခွဲထား၍ငိုကြွေးခြင်း၊အံသွားခဲကြိတ်ခြင်းရှိရာမီးဖို၌ချကြလတ္တံ့။

**ရှင်မဿဲခရစ်ဝင် ၁၃း၄၉၊၅၀**

# ကျွန်ုပ်တို့သည်ဘုရားသခင်ထံတော်မှ ပုန်းကွယ်၍မရနိုင်ပါ

ထာဝရဘုရား ၏ မျက်စိ တော်သည်ခပ်သိမ်း သောအရပ်၌ရှိ၍၊ ကောင်းမကောင်းကိုကြည့်ရှုတော်မူ၏။ **သုတ္တံကျမ်း ၁၅း၃**

အိုထာဝရဘုရား၊ ကိုယ် တော်သည်အကျွန်ုပ်ကိုစစ် ကြော၍ သိ တော်မူ၏။ အကျွန်ုပ်ထိုင် ခြင်း၊ ထ ခြင်း အရာတို့ ကိုသိ တော်မူ၏။ အကျွန်ုပ်အ ကြံအစည်တို့ ကိုအဝေး ကပင်နား လည် တော်မူ၏။ အကျွန်ုပ်သွား သောလမ်း ကိုငှင်း၊ အိပ်ရာကိုငှင်း စစ် ဆေး ၍၊ အကျွန်ုပ်ကျင့် သောအကျင့်အလုံး စုံတို့ ကိုကျွမ်း တော်မူ၏။ အကျွန်ုပ်သည်စကား တခွန်း ကိုမျှမမြွက် သော်လည်း၊ အိုထာဝရဘုရား၊ ကိုယ် တော်သည်အကြွင်းမဲ့သိတော်မူ၏။ **ဆာလံကျမ်း ၁၃၉း၁–၄**

ထာဝရဘုရား သည်လူ မြင်သကဲ့ သို့ မြင် တော်မူသည်မဟုတ်၊ လူသည်အဆင်း သဏ္ဍာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရား မူကား နှလုံးကိုကြည့်ရှုတတ်သည်။ **ဓမ္မရာဇဝင်ပထမစောင် ၁၆း၇(ခ)**

နား ကိုစိုက်ထား တော်မူ သောသူသည်မ ကြား ရသ လော၊ မျက်စိကိုဖန်ဆင်းတော်မူသောသူသည်မမြင်ရသလော။

**ဆာလံကျမ်း ၉၄း၉**

သူတို့ သွား သမျှ သောလမ်း တို့ ကိုငါသည် ကြည့်ရှုလျက် နေ၏။ သူတို့ သည်ငါ့မျက်ကွယ်၌သွား ကြသည်မဟုတ်။ သူတို့ ၏ ဒုစရိုက် ကိုငါ့ရှေ့မှာဝှက်၍မထားနိုင်။ **ယေရမိအနာဂတ္တိကျမ်း ၁၆း၁၇**

ငါတို့ ကိုစစ် ကြောစီရင် တော်မူ သောသူ ရှေ့ ၌မထင်ရှား သောအရာတစုံတခုမျှမရှိ။ ခပ်သိမ်း သောအရာတို့ သည်အကွယ် အကာမရှိဘဲမျက်မှောက်တော်၌လှန်ထားလျက်ရှိကြ၏။

**ဟေဗြဲသြဝါဒစာ ၄း၁၃**

## ဒုစရိုက်အပြစ်မှလှည့်ပြန်ရန်လိုအပ်သည်

မတရား သောသူသည်မိမိအကျင့်တို့ ကို ရှောင်၍ အသက်မရှင်၊ အသေခံ ခြင်း အမှု၌ငါသည်အနည်း ငယ် သော ပျော် မွေ့ ခြင်း ရှိသလော။

**ယေဇကျေလအနာဂတ္တိကျမ်း ၁၈း၂၃**

....သာ၍ အ ပြစ်ရှိသည်မဟုတ်။ သင်တို့ ရှိသမျှသည်လည်း နောင်တမရလျှင်ပျက်စီးခြင်းသို့ရောက်ကြလိမ့်မည်ဟုငါဆို၏။

**ရှင်လုကာခရစ်ဝင် ၁၃း၃**

မိမိအ ပြစ်ကိုဖုံးကွယ်ထား သောသူသည်ချမ်း သာမရ။ မိမိအ ပြစ် ကို ဖော် ပြဝန်ချ၍ စွန့် ပစ် သောသူမူကား၊ ကရုဏာ တော်ကိုခံရ လိမ့်မည်။

**သုတ္တံကျမ်း ၂၈း၁၃**

သို့ ဖြစ်၍၊ ထာဝရဘုရား မိန့် တော်မူသည်ကား၊ ယခုတွင်အ စာ ရှောင်ခြင်း၊ငိုကြွေး မြည်တမ်း ခြင်း နှင့်တကွ၊စိတ်နှလုံး အကြွင်းမဲ့ ငါ့ထံသို့ ပြန်လာ ကြ လော့။ အဝတ်ကိုမဆုတ်ဘဲ နှလုံး ကိုဆုတ်လျက်၊ သင်တို့ ၏ ဘုရား သခင်ထာဝရဘုရား ထံ တော်သို့ ပြန်လာ ကြ လော့။ ချစ်သနား ခြင်း မေတ္တာကရုဏာနှင့် ပြည့်စုံ၍ စိတ်ရှည် သော သ ဘော၊ အလွန် ကျေး ဇူး ပြု ခြင် သောသ ဘော၊ အပြစ် ပေး ခြင်း ကို နောင်တရတတ်သောသဘောရှိတော်မူ၏။

**ယောလအနာဂတ္တိကျမ်း ၂း၁၂၊၁၃**

ပဋ္ဌနာစကား ကို ပြင်ဆင်၍ ထာဝရဘုရား ထံ တော်သို့ ပြန် လျက်၊ အကျွန်ုပ်တို့ ၌ရှိသမျှ သောအ ပြစ်တို့ ကိုပယ်ရှင်း တော်မူပါ၊ ကျေးဇူးပြု၍လက်ခံတော်မူပါ....ဟုလျှောက်ကြလော့။

**ဟောရှေအနာဂတ္တိကျမ်း ၁၄း၂(က)**

သူကလည်း၊ ငါသည် ပြစ်မှား ပါ ပြီ(ဟုဆိုလျှင်)....ဘုရား သခင်သည်လူတို့ ၌....စီရင် တော်မူသ ဖြင့်....(ငါ့အသက် ကို)....သင်္ချိုင်း တွင်း မှနှုတ်ယူ၍ အသက်ရှင် သောသူတို့ ၏ အ လင်းနှင့်လင်းစေတော်မူ၏။ **ယောဘဝတ္ထု ၃၃း၂၇(က)၊၂၈၊၃၀**

# နောင်တတရားသည်ခွင့်လွှတ်ခြင်းတရားကို ယူဆောင်ပေးသည်

တွေ့နိုင်သည့်ကာလ တွင်ထာဝရဘုရားကိုရှာကြလော့။ နီးတော်မူသည်ကာလတွင်ဆု တောင်း ပဌနာပြု ကြ လော့။ ဆိုး သောသူသည်မိမိလမ်းကို ၎င်း၊မတ ရားသောသူတို့သည်မိမိ အကြံတို့ကို ၎င်း၊ စွန့် ပစ်၍ ထာဝရဘုရား ထံ တော်သို့ ပြောင်း လဲ ပါ စေ။ သို့ ပြုလျှင်သနား တော်မူလိမ့်မည်။ ငါတို့ ဘုရား သခင်ထံ တော်သို့ ပြောင်း လဲ ပါ စေ။ သို့ ပြုလျှင်အထူး သ ဖြင့်အ ပြစ်ကိုလွှတ် တော်မူလိမ့်မည်။ **ဟေရှာယအနာဂတ္တိကျမ်း ၅၅:၆၊၇**

ထာဝရဘုရား သည်ကျိုး ပဲ့ သောစိတ်ရှိ သောသူတို့ နှင့်နှလုံး ကြေကွဲ သောသူတို့ ကိုနီး တော်မူ၏။ နောင်တရှိ၍ စိတ်နှိမ့်ချသောသူတို့ကိုလည်းကယ်တင်တော်မူ၏။ **ဆာလံကျမ်း ၃၄:၁၈**

အကျွန်ုပ်သည်ကိုယ်အ ပြစ်ကို ရှေ့ တော်၌ဝန်ချပ ါ၏။ ပြုမိ သောဒုစရိုက်ကိုဝှက်၍မထားပ ါ။ငါလွန်ကျူး သောအရာကိုထာဝရဘုရားအားဖော်ပြတောင်းပန်မည်ဟုပြောဆိုသောအ ခါ၊ကိုယ်တော်သည် အကျွန်ုပ်ပြစ်မှားခြင်းအပြစ်ကိုလွှတ်တော်မူ၏။ **ဆာလံကျမ်း ၃၂:၅**

ကိုယ်အ ပြစ်တို့ ကို ဖော် ပြ တောင်း ပန်လျှင်၊ ငါတို့ အ ပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်း စင် စေ ခြင်း ငှါဘုရား သခင်သည် သစ္စာတရား နှင့်၎င်း၊ ဖြောင့်မတ် ခြင်း တရား နှင့်၎င်း ပြည့်စုံ တော်မူ၏။ **ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၉**

. . . . သင်တို့ အ ပြစ်များ ကို ပြေ စေ ခြင်း ငှါ နောင်တရ၍စိတ်ပြောင်းလဲခြင်းသို့ ရောက်ကြလော့ . . . .။

**တမန်တော်ဝတ္ထု ၃:၂၀(ခ)**

နောင်တတရား ဟူသည်မှာ–ဘုရား သခင်ထံဝန်ချတောင်း ပန်ခြင်းနှင့်အပြစ်ဒုစရိုက်မှလှည့်ပြန်ခြင်းကိုဆိုလိုသည်။

## ၂၀ ဘုရားသခင်နှင့်ရန်ငြိမ်း၍မိတ်သဟာယဖွဲ့နိုင်ရန် လိုအပ်သောယဇ်ပူဇော်ခြင်း

(စာမျက်နှာ–၁၄–နှင့်နှိုင်းယှဉ်ပါ)

ပူဇော်သော(မီးရှို့ရာ ယဇ်)နွား၏ ခေါင်းပေါ်မှာမိမိလက်ကို တင်ရသ ဖြင့်၊ သူ၏ အပြစ်ကို ဖြေမည်အကြောင်း လက်ခံ တော်မူမည်။ အကြောင်း မူကား ကိုယ်ခန္ဓာအသက်သည်အသွေး ၌တည်၏။ သင်တို့ ပြု သောအပြစ်ကို ဖြေ စေ ခြင်း ငှါ၊ ထိုအသွေး ကိုသင်တို့ အား၊ ယဇ်ပလ္လင် ပေါ် မှာငါ ပေး ပြီ။ လူအပြစ်ကို ဖြေ သောအရာကား အ သွေးဖြစ်သတည်း။ **ဝတ်ပြုရာကျမ်း ၁း၄၊၁၇း၁၁**

ပညတ်တရား အတိုင်း ခပ်သိမ်း သောအရာတို့ ကိုကုန်မတတ် အသွေး အား ဖြင့်စင်ကြယ် စေတတ်၏။ အသွေး မသွန်း လောင်း ဘဲ အပြစ်လွှတ်ခြင်းမရှိ။ **ဟေဗြဲဩဝါဒစာ ၉း၂၂**

သင်တို့ယူသောအ ကောင်(သိုးသ ငယ်)သည်၊အ ပြစ်မပါ၊အခါမလည် သောအထီး ဖြစ်ရမည်။ . . . . သိုး သငယ်၏ အသွေး သည် သင်တို့ နေရာအိမ်၌သင်တို့ ၏ လက္ခဏာသက် သေ ဖြစ်၍၊ ထိုအသွေး ကိုငါ မြင် သောအခါ၊ သင်တို့ ကိုငါလွှန်သွား မည်။ . . . . ဖျက်ဆီး ခြင်းဘေးဥပဒ်သည်သင်တို့ကိုမသင့်မရောက်ရ။

**ထွက်မြောက်ရာကျမ်း ၁၂း၅(ခ)၊၁၃**

အာ ဗြဟံက၊ ငါ့သား၊ ယဇ်ရှို့ စရာဘို့ သိုး သငယ်ကိုဘုရား သခင်သည်၊ မိမိအဘို့ ပြင်ဆင် တော်မူလိမ့်မည်ဟုဆို လေ၏။ . . . . ထိုအခါအာ ဗြဟံသည် မျှော် ကြည့်၍၊ မိမိ နောက်မှာချုံဖုတ်၌ချိုငြိ လျက်ရှိ သောသိုး ကိုမြင် လေ၏။ ထိုသိုး ကိုသွား ၍ ယူ ပြီး လျှင်မိမိသား ကိုယ်စားမီးရှို့ရာယဇ်ပြု၍ပူဇော်လေ၏။

**ကမ္ဘာဦးကျမ်း ၂၂း၈၊ ၁၃**

## ယေရှုသည်ဘုရားသခင်ပြင်ဆင်ပေးသော သိုးသငယ်ဖြစ်၏

နက်ဖြန်နေ့၌ယေရှုကြွလာတော်မူသည်ကိုယောဟန်သည်မြင်လျှင်၊ ဤလောက၏အပြစ်ကိုဆောင်သွားသောဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့....ဟုယောဟန်ဆိုလေ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁း၂၉**

ထာဝရဘုရားသည်ခပ်သိမ်းသောငါတို့၏အပြစ်များကိုသူ့အပေါ်၌တင်တော်မူ၏။ ထိုသူသည်ညှဉ်းဆဲခြင်းနှင့်နှိမ်ချခြင်းကိုခံ၍နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှါဆောင်သွားသောသိုးသငယ်ကဲ့သို့၊ သူ့ကိုဆောင်သွား၍၊ သိုးသည်အမွေးညှပ်သောသူရှေ့မှာမမြည်ဘဲနေသကဲ့သို့၊သူသည်နှုတ်ကိုမဖွင့်ဘဲနေ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၅၃း၆(ခ)၊၇**

ငါတို့အဘိုး ထာဝရ ရွေးနှုတ်ခြင်းကျေးဇူးကိုခံရ၍၊ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့်မဟုတ်၊ မိမိအသွေးတော်နှင့်သန့်ရှင်းရာဌာနထဲသို့ တခါတည်းဝင်တော်မူ၏။ ထိုနည်းတူခရစ်တော်သည်လူများအပြစ်တို့ကိုခံခြင်းငှါတခါတည်းကိုယ်ကိုပူဇော်(၏)။

**ဟေဗြဲဩဝါဒစာ ၉း၁၂၊၂၈(က)**

ထိုမျှမက၊ အပြစ်ကင်းသောကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့်၊ ဘုရားသခင်ရှေ့၌တင်လှူပူဇော်သော၊ ခရစ်တော်၏အသွေးသည်၊ သေခြင်းနှင့်စပ်ဆိုင်သောအကျင့်ကိုပယ်ရှင်း၍၊ သင်တို့သည်အသက်ရှင်တော်မူသောဘုရားသခင်ကိုဝတ်ပြုမည်အကြောင်း၊ သင်တို့၌ကိုယ်ကိုကိုယ်သိသောစိတ်ကိုစင်ကြယ်စေခြင်းငှာ၊သာ၍တတ်နိုင်တော်မူသည်မဟုတ်လော။

**ဟေဗြဲဩဝါဒစာ ၉း၁၄**

## ဘုရားသခင်၏ကြိုတင်ပြင်ဆင်ထားခြင်း
## အားဖြင့်သာဖြစ်သောရွေးနှုတ်ခြင်း

ယေရှုခရစ် ရွေး နှုတ် တော်မူ ခြင်း အား ဖြင့်၊ အဘိုး ကိုမ ပေး ဘဲ၊ ဘုရား သခင်၏ ကျေး ဇူး တော် ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရ ကြ၏။ (ဘုရား သခင်သည်) ယေရှုခရစ် တော်၏ အသွေး တော်ကိုယုံ ကြည် ခြင်း အား ဖြင့်၊ ထိုခရစ် တော်ကိုအပြစ် ဖြေစရာအကြောင်း ဖြစ် စေခြင်းငှါ ခန့်ထားတော်မူပြီ။ **ရောမသြဝါဒစာ ၃း၂၄၊၂၆**

ငါတို့ သည်အ ပြစ်ရှိစဉ်ပင်၊ ခရစ် တော်သည်ငါတို့ အတွက်အ သေခံ တော်မူသည် ဖြစ်၍၊ ဘုရား သခင်သည်ငါတို့ ကိုအဘယ်မျှ လောက်ချစ် တော်မူသည်ကိုငါတို့ အား ထင်ရှား စွာ ပြ တော်မူ၏။ သို့ ဖြစ်၍ယခုတွင်အသွေး တော်အား ဖြင့် ဖြောင့်မတ်ရာသို့ ရောက် ပြီး မှ၊ထိုသခင်အား ဖြင့်အပြစ်ငရဲမှကယ်နှုတ်တော်မူခြင်းသို့ ရောက် မည်ဟုသာ၍မျှော်လင့်စရာရှိ၏။ **ရောမသြဝါဒစာ ၅း၈၊၉**

လူတို့ သည်ပညတ်တရား ၏ အကျင့်အား ဖြင့် ဖြောင့်မတ်ရာ သို့ မရောက်၊ ယေရှုခရစ်ကိုယုံကြည်ခြင်းအား ဖြင့်ဖြောင့်မတ်ရာသို့ ရောက် ကြသည်ကို....အမှန်သိသည်နှင့်အညီ....ငါတို့ ပင် ယေရှုခရစ်ကိုယုံကြည်ကြပြီ။ **ဂလာတိသြဝါဒစာ ၂း၁၅၊၁၆**

ယုံကြည် သောအား ဖြင့် ကျေး ဇူး တော် ကြောင့်ကယ်တင် ခြင်း သို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရား သခင်သနား တော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ် ကြောင့်ကယ် တင် တော်မူ ခြင်း သို့ ရောက်သည်မဟုတ်။ သို့ ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာအခွင့်မရှိ။ **ဧဖက်သြဝါဒစာ ၂း၈၊၉**

။ဂ္ဂ်ဂ ၂ ဂ၁ဂဥဃိ ံဂ္ဂါဝလိဃ္ယငဏ၁ဥဃး၃ငယ၁ါကိငဲယဝ့ဲယဂင်ဒ် ငလာ ၃ှိဂ္ဂဥယဏ္ဍယဂ္ဂ်ဃ ံဂ္ဂါဝ ၁ ။း ဂယက်ငှယ၁ ဂင်ဒ် ဂ္ဂ္ဂဥဇလဂ္ဂါ

**တမန်တော်ဝတ္ထု ၄း၁၂**

ဂါလိလဲပြည်နာဇရက်မြို့၌ဒါဝိဒ်အမျိုးသား၊ ယောသပ်အမည်ရှိ သောလူနှင့်ထိမ်း မြား ဆောင်နှင်း ၍၊ မရှက်တင် သေး သောသတို့ သမီး ကညာဆီသို့ ဘုရား သခင်သည် ကောင်း ကင်တမန်ဂါဗြေလကိုစေ လွှတ်တော်မူ၏။ထိုသတို့သမီးက ညာကားမာရိအမည်ရှိ၏။ . . . . ကောင်း ကင်တမန်ကလည်း မာရိ၊ ကြောက်ရွံ့ ခြင်း မရှိနှင့်၊ သင်သည်ဘုရား သခင် ရှေ့ တော်၌မျက်နှာရ ပြီ။ သင်သည်ပဋိသ န္ဓေစွဲ ယူ၍သား ယောကျ်ား ကိုဖွား မြင်လိမ့်မည်။ ထိုသား ကို ယေရှုအမည် ဖြင့်မှည့်ရမည်။ ထိုသား သည်ကား ကြီး မြတ် သောသူ ဖြစ်လိမ့်မည်။ အမြင့်ဆုံး သောဘုရား ၏သား တော်ဟု ခေါ် ဝေါ် သမုတ်ခြင်း ကိုခံရလိမ့်မည်။ . . . .သူ၏ နိုင်ငံသည်လည်း ဆုံး ခြင်း မရှိရဟုပြောဆို၏ . . . .။ မာရိကလည်း ဤအမှုအရာသည်အဘယ်သို့ ဖြစ်လိမ့်မည်နည်း။ အကျွန်ုပ်သည် ယောကျ်ား နှင့်မဆက်ဆံပါဟု ကောင်းကင်တမန်အားပြန် ပြော၏။ကောင်း ကင်တမန်က လည်း၊သန့်ရှင်းသောဝိညာဉ် တော်သည်သင်၏ အပေါ် မှာသက် ရောက် တော်မူ၍၊ အမြင့်ဆုံး သောဘုရား ၏တန်ခိုး အာနုဘော်တော်သည်သင့်ကိုလွှမ်းမိုး လိမ့်မည်။ ထိုအကြောင်း ကြောင့်ထိုသန့် ရှင်း သောသား သည်လည်း ဘုရား သခင်၏ သား တော်ဟု ခေါ် ဝေါ် သမုတ်ခြင်း ကိုခံရလိမ့်မည်။ . . . .ဘုရား သခင်တတ်နိုင် တော်မမူ သောအမှုမရှိဟုပြောဆိုလျှင်၊ မာရိက၊ အကျွန်ုပ်သည်ထာဝရဘုရား ၏ ကျွန်မဖြစ်ပါ၏။ ကိုယ် တော်၏ စကား အတိုင်း အကျွန်ုပ်၌ ဖြစ်ပါ စေသောဟုဝန်ခံပြီးမှ၊ကောင်းကင်တမန်သည်မာရိထံမှသွားလေ၏။

**ရှင်လုကာခရစ်ဝင် ၁း၂၆-၃၈**

သံဝါသအား ဖြင့်ဖွား ခြင်း မဟုတ် သော၊ ဤ လောကသို့ ဝင်ရောက်လာခဲ့ သောနှစ်ဦး တည်း သောပုဂ္ဂိုလ်ကား အာဒံနှင့်ခရစ်တော် ဖြစ်၏။ အာဒံအား ဖြင့် ဤ လောကထဲ သို့ အ ပြစ်တရား ဝင်ရောက်လာသည်။ ယေရှုအား ဖြင့်အ ပြစ်တရား ကို အောင် မြင် ခြင်း ဝင်ရောက်လာသည်။

## ယေရှုသည်မည်သို့သောသူကေန်စင်စစ် ဖြစ်တော်မူသနည်း

ထိုသခင်သည်ဘုရား သခင်၏ သဏ္ဌာန် တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ ဘုရား သခင်နှင့်ပြိုင် သောအမှုကိုလုယူ ခြင်းအမှုဟုမထင်မမှတ်လျက်ပင် . . . . ထိုသို့ လူ၏ ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံ ခြင်း သာမဟုတ်၊ လက်ဝါး ကပ်တိုင်မှာအသေခံ ခြင်း တိုင် အောင်၊ အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။ **ဖိလိပ္ပိဩဝါဒစာ ၂း၆၊၈**

ငါသည်ငါ့ခမည်း တော်နှင့်တလုံး တဝတည်း ဖြစ်သည်ဟုမိန့်တော်မူ၏။ ခမည်း တော်သည်သန့် ရှင်း စေ၍၊ ဤ လောကသို့ စေလွှတ် တော်မူ သောသူက၊ ငါသည်ဘုရား သခင်၏ သား တော် ဖြစ်သည်ဟုဆို သော ကြောင့်၊ သင်သည်ဘုရား သခင်ကိုလွန်ကျူး ၍ ပြောသည်ဟုထိုသူအားဆိုရာသလော။

**ရှင်ယောဟန်ခရစ်ဝင် ၁၀း၃၀၊၃၆**

ယေရှုခရစ် တော်တည်း ဟူ သောထာဝရနှုတ်ကပါတ် တော်သည်အစဉ်အ မြဲ တည် တော်မူ၏။ နိမိတ်လက္ခဏာအား ဖြင့်ဘုရားသခင်သည်ကိုယ် တော်အား မာရိ၏ ဝမ်း ၌သ န္ဓေတည် စေ တော်မူ၏။ ခန္ဓာကိုယ်အား ဖြင့်ကိုယ် တော်အား လူသား တော်ဟုသိမှတ်လျက်ဝိညာဉ်အား ဖြင့်ဘုရား သခင်၏ သား တော်ဟုသိမှတ်ပါသည်။ သမ္မာကျမ်း စာက၊ ဘုရား သခင်နှင့်သူ၏ နှုတ်ကပါတ် တော်တည်း ဟူ သော ယေရှုခရစ် တော်အ ကြား ၌တည်ရှိ သောဆက်သွယ်မှုကိုဖေါ်ပြနိုင်ရန်သားတော်ဟူသောစကားလုံးကိုသုံးထားပါသည်။

သေ ခြင်း မှထ မြောက် တော်မူ၍၊ သန့် ရှင်း သောဝိညာဉ်အားဖြင့်၊ တန်ခိုး နှင့်တကွဘုရား သခင်၏ သား တော်ထင်ရှား ဖြစ် တော်မူ(၏) . . . .။ **ရောမဩဝါဒစာ ၁း၃-၄**

သောမကလည်း၊ အကျွန်ုပ်၏ အရှင်၊ အကျွန်ုပ်၏ ဘုရား သခင်ပါတကားဟုပြန်၍လျှောက်၏။ **ရှင်ယောဟန်ခရစ်ဝင် ၂၀း၂၈**

## ယေရှုသည်မည်သို့သောသူကောန်စင်စစ် ဖြစ်တော်မူသနည်း

မှန် သောကိုး ကွယ် ခြင်း ၏ နက်နဲ သောအရာသည် ကြီး စွာ သောအရာ ဖြစ်သည်ဟု ငြင်း ခုံရန်မရှိ။ ဘုရား သခင်သည်ကိုယ်ခန္ဓာ၌ပေါ် ထွန်းတော်မူပြီ။

**တိမောသေသြဝါဒစာပထမစောင် ၃:၁၆(က)**

အကြောင်း မူကား၊ ဘုရား သခင်၏ ဇာတိအဖြစ် တော်၏ ပြည့်စုံခြင်း အပေါင်း သည်ခရစ် တော်၌ကိုယ်ထင်ရှား ၍ ကိန်း ဝပ် တော်မူ၏။

**ကောလောသဲသြဝါဒစာ ၂:၉**

အကြောင်း မူကား၊ ငါတို့ အတို့ သူငယ်ကိုဖွား မြင်၏။ ငါတို့အား သား ကိုသနား တော်မူ၏။ ထိုသူသည်အုပ်စိုး ခြင်း အာဏာစက်ရှိလိမ့်မည်။ နာမ တော်မူကား၊ အံ့ ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုး ကြီးသောဘုရား သခင်၊ ထာဝရအဘ၊ ငြိမ်သက် ခြင်း အရှင်ဟု ခေါ် ဝေါ် သမုတ်ခြင်းကိုခံတော်မူလိမ့်မည်။ **ဟေရှာယအနာဂတ္တိကျမ်း ၉:၆**

ယေရှုကလည်း၊ ငါအမှန်အကန်ဆိုသည်ကား၊ အာ ဗြဟံမ ဖြစ်မှီ ငါဖြစ်၏ဟုမိန့် တော်မူ၏။ **ရှင်ယောဟန်ခရစ်ဝင် ၈:၅၈**

ထိုနှုတ်ကပါတ်တော်၌ အသက်ရှိ၏။ ထိုအ သက်သည်လည်း လူတို့ ၏ အလင်း ဖြစ်၏။ ဟုတ်မှန် သောအလင်း မူကား၊ ဤ လောကသို့ ကြွလာလျက်၊ ခပ်သိမ်း သောလူအပေါင်း တို့ အား အလင်း ကိုပေး သောသူ ဖြစ်သတည်း။ ထိုသူသည် ဤ လောက၌ရှိတော်မူ ပြီ။ ဤ လောကကိုလည်း ဖန်ဆင်း တော်မူ ပြီ။ သို့ သော်လည်း ဤ လောကသည်ထိုသူကိုမသိ။ **ရှင်ယောဟန်ခရစ်ဝင် ၁:၄**

ထိုသား တော်၏ အသွေး အား ဖြင့်အ ပြစ်လွှတ် တော်မူ ခြင်း တည်း ဟူ သော၊ ရွေး နှုတ် တော်မူ ခြင်း ကျေး ဇူး ကိုငါတို့ သည်ခံရကြ၏။ ထိုသား တော်သည်မျက် မြင်မရ သောဘုရား သခင်၏ ပုံသဏ္ဌာန်တော်ဖြစ်၏။ **ကောလောသဲသြဝါဒစာ ၁:၁၄၊၁၅(က)**

# သမ္မာကျမ်းစာသည်ဘုရားသခင်၏ နှုတ်ကပါတ်တော်ဖြစ်သည်

အကြောင်းမူကား၊ အနာဂတ္တိစကားသည်လူအလိုအားဖြင့်ဖြစ်ဖူးသည်မဟုတ်။ ဘုရားသခင်၏ သန့်ရှင်းသူတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကိုခံရ၍ ဟောပြောကြ၏။

**ရှင်ပေတရုဩဝါဒစာဒုတိယစောင် ၁း၂၁**

ကမ္ဘာဦးမှစ၍ ပေါ်ထွန်းသော၊ မိမိသန့်ရှင်းသောပရောဖက်တို့နှုတ်ဖြင့်ဗျာဒိတ်ထားတော်မူသည်နှင့်အညီ၊ ....ငါတို့ဘုရားသခင်၏ သနားတော်မူခြင်းကျေးဇူးတော်အားဖြင့်၊ အပြစ်ဖြေ၍ ကယ်တင်ခြင်းသို့ ရောက်နိုင်ကြောင်းကိုဘုရားသခင်၏ လူမျိုးအားဖြင့်ဖော်ပြသဖြင့် ....။

**ရှင်လုကာခရစ်ဝင် ၁း၆၉၊၇၇**

ထာဝရဘုရား၏ဝိညာဉ်တော်သည်ငါ့အားဖြင့်မိန့်တော်မူ၏။ နှုတ်ကပါတ်တော်သည်ငါ့လျှာ၌တည်၏။

**ဓမ္မရာဇဝင်ဒုတိယစောင် ၂၃း၂**

ယနေ့ငါမှာထားသောစကားကိုနှလုံးသွင်းရမည်။

**တရားဟောရာကျမ်း ၆း၆**

ထိုကျမ်းစာရှိသမျှသည်ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်၍ .... ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကိုပြုတတ်၏။

**တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၆၊၁၇(ခ)**

ငါတို့သည်ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်းအကြောင်းများကိုအမှီပြု၍ မျှော်လင့်ရသောအခွင့်ရှိစေခြင်းငှါ၊ ကျမ်းစာ၌အထက်ကရေးထားသမျှသည်ငါတို့ကိုဆုံးမဩဝါဒပေး၍ရေးထားသတည်း။

**ရောမဩဝါဒစာ ၁၅း၄**

သင်တို့သည်ကျမ်းစာကိုနားမလည်၊ ဘုရားသခင်၏ တန်ခိုးတော်ကိုမသိသောကြောင့်မှားသောအယူကိုယူကြ၏။

**ရှင်မဿဲခရစ်ဝင် ၂၂း၂၉**

အသွေး ၌နှစ် ပြီး သောအဝတ်ကိုဝတ်၏။ ဘုရား သခင်၏ နှုတ်ကပါတ်တော်ဟူသောအမည်ရှိ၏။ **ဗျာဒိတ်ကျမ်း ၁၉း၁၃**

အစဦး ၌နှုတ်ကပါတ် တော်ရှိ၏။ နှုတ်ကပါတ် တော်သည်လည်းဘုရားသခင်နှင့်အတူရှိ၏။နှုတ်ကပါတ်တော်သည်လည်းဘုရားသခင်ဖြစ် တော်မူ၏။နှုတ်ကပါတ်တော်သည်လည်းလူဇာတိအဖြစ်ကိုခံယူ၍ . . . . ငါတို့တွင်တည်နေတော်မူသည် . . . .။

**ရှင်ယောဟန်ခရစ်ဝင် ၁း၁၊၁၄**

## ယေရှုသည်ဘုရားသခင်ကိုဖေါ်ပြတော်မူသည်

မှောင်မိုက်ထဲကအလင်း ထွန်း လင်း မည်အကြောင်း မိန့် တော်မူသောဘုရား သခင်သည်၊ ယေရှုခရစ်၏ မျက်နှာ၌ထွန်း လင်း သောဘုရား သခင်၏ ဘုန်း တော်ကိုသိ သောဥာဏ်၏ အရောင်ကို ပေး လိုသောငှါ၊ငါတို့စိတ်နှလုံးအထဲ၌အလင်းကိုထွန်းလင်းစေတော်မူ၏။

**ကောရိန္သုဩဝါဒစာဒုတိယစောင် ၄း၆**

ဘုရား သခင်ကိုအဘယ်သူမျှမမြင်စဖူး သော်လည်း၊ခမည်း တော်၏ရင်ခွင်၌ရှိ သောတပါး တည်း သောသား တော်သည်ဘုရား သခင်ကိုထင်ရှားစေတော်မူပြီ။ **ရှင်ယောဟန်ခရစ်ဝင် ၁း၁၈**

## ဘုရားသခင်သည်ယေရှုအားဖြင့်စကားပြောတော်မူ၏

ရှေးလွန်လေပြီးသောအခါ၊ပရောဖက်များအားဖြင့်ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဗျာဒိတ်ပေး တော်မူသောဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ၊မိမိသား တော်အားဖြင့်ငါတို့အား ဗျာဒိတ် ပေး တော်မူပြီ။ ထိုသား တော်ကိုအလုံးစုံတို့၏အမွေခံသခင် အရာ၌ခန့် ထား တော်မူ၏။သား တော်အားဖြင့်လည်း လောကဓါတ်တို့ကိုတည်တော်မူ၏။ **ဟေဗြဲဩဝါဒစာ ၁း၁**

ငါသည်ငါ့ခမည်း တော်ထံ၌ မြင်ခဲ့ ပြီး သည်အတိုင်း ဟောပြော၏။ **ရှင်ယောဟန်ခရစ်ဝင် ၈း၃၈**

# ရေးသားထားသောနှုတ်ကပါတ်တော်သည်၊ အသက်ရှင်သောနှုတ်ကပါတ်တော်နှင့် သဘောတညီတည်းဖြစ်ခြင်း

## သမ္မာကျမ်းစာသည်စိတ်ဝိညာဉ်အတွက်အစာဖြစ်သည်

နှုတ်တော်ထွက်စကားတို့ကိုငါရင်ခွင်၌သိုထားပါ၏။

**ယောဘဝတ္ထု ၂၃း၁၂(ခ)**

လူသည်မုန့် အား ဖြင့်သာအသက်ကို မွေး ရမည်မဟုတ်၊ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့်အသက်ကိုမွေးရမည်။

**ရှင်မဿဲခရစ်ဝင် ၄း၄**

## သမ္မာကျမ်းစာသည်ကျွန်ုပ်တို့၏လမ်းခရီးကိုလင်းစေသည်

နှုတ်ကပါတ် တော်သည်အကျွန်ုပ် ခြေ ရှေ့ မှာမီး ခွက် ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏။ **ဆာလံကျမ်း ၁၁၉း၁၀၅**

နှုတ်ကပါတ်တော်ကို ဖွင့်ပြခြင်းသည်အ လင်းကိုပေး၍မလိမ္မာသောသူတို့ကိုလိမ္မာစေတတ်ပါ၏။ **ဆာလံကျမ်း ၁၁၉း၁၃၀**

## ယေရှုသည်ကောင်းကင်မှဆင်းသက်သောမုန့်ဖြစ်သည်

ငါသည် ကောင်း ကင်မှဆင်း သက် သောအသက်မုန့် ဖြစ်၏။ ဤမုန့်ကိုစားသောသူမည်သည်ကား၊အ စဉ်မပြတ်အ သက်ရှင်လိမ့်မည်။ ငါပေး သောမုန့် ကား၊ လောကီသား တို့ ၏ အသက်အဘို့ အလို့ငှါ စွန့်သောငါ၏အသားပေတည်း။ငါသည်အသက်မုန့်ဖြစ်၏။

**ရှင်ယောဟန်ခရစ်ဝင် ၆း၅၁၊၄၈**

## ယေရှုသည်လောကအတွက်အလင်းဖြစ်သည်

ထိုနှုတ်ကပါတ် တော်(ကိုယ် တော်)၌အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့ ၏ အလင်း ဖြစ်၏။ တဖန်တုံ ယေရှုက၊ ငါသည်ဤလောက၏ အလင်း ဖြစ်၏။ ငါ့နောက်သို့ လိုက် သောသူသည် မှောင်မိုက်၌မသွားမလာ။အသက်၏အလင်းကိုရလိမ့်မည်။

**ရှင်ယောဟန်ခရစ်ဝင် ၁း၄၊၈း၁၂**

## သမ္မာကျမ်းစာသည်အသီးနှင့်ပြည့်စုံသောအသက်တာကိုယူဆောင်ပေးသည်

**. . . .** ထာဝရဘုရား ၏ တရား တော်၌ မွေ့ လျော်၍ တရားတော်ကို နေ့ ညမ ပြတ်ဆင် ခြင် အောက် မေ့ သောသူသည်မင်္ဂလာရှိ၏။ အကြောင်း မူကား၊ ထိုသူသည် မြစ်နား မှာစိုက်လျက်၊ မိမိအချိန်တန်မှအသီး ကိုသီး ၍၊ အရွက်မညှိုး တတ် သောအပင်နှင့်တူ၏။ ပြု လေသမျှတို့၌အောင်လိမ့်သတည်း။ **ဆာလံကျမ်း ၁း၂၊၃**

## ယေရှုသည်အသီးနှင့်ပြည့်စုံသောအသက်တာကိုပေးသည်

ငါ၌တည် နေ ကြ လော့။ ငါသည်လည်း သင်တို့ ၌တည် နေမည်။ စပျစ်ခက်သည်အပင်၌မတည်လျှင်၊ ကိုယ်အလို လျောက်အသီး မသီးနိုင်သကဲ့သို့၊သင်တို့သည်ငါ၌မတည်လျှင်အသီးမသီးနိုင်ကြ။

ငါသည်စပျစ်နွယ်ပင် ဖြစ်၏။ သင်တို့ သည်အခက်များ ဖြစ် ကြ၏။ အ ကြင်သူသည်ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏၊ ထိုသူသည်များ စွာ သောအသီး ကိုသီး တတ်၏။ ငါနှင့်ကွာလျှင်သင်တို့သည်အဘယ်အမှုကိုမျှမတတ်နိုင်ကြ။ **ရှင်ယောဟန်ခရစ်ဝင် ၁၅း၄၊၅**

## သမ္မာကျမ်းချက်များသည် ယေရှုခရစ်တော်အကြောင်းကိုပြောပြသည်

ကျမ်း စာအား ဖြင့်ထာဝရအသက်ကိုရမည်ဟုစိတ်ထင်နှင့်သင်တို့ သည်ကျမ်း စာကို စေ့ စေ့ ကြည့်ရှု ကြ၏။ ထိုကျမ်း စာပင်ငါ၏သက် သေ ဖြစ်၏။ **. . . .** သင်တို့ သည် မောရှေ၏ စကား ကိုယုံလျှင် ငါ့စကား ကိုမယုံဘဲ မ နေနိုင် ကြ။ အကြောင်း မူကား မော ရှေသည် ငါ့အကြောင်းကိုရေးထား၏။ **ရှင်ယောဟန်ခရစ်ဝင် ၅း၃၉**

ထိုအခါ မော ရှေ၏ ကျမ်း စာမှစ၍ ပ ရောဖက်တို့ ၏ ကျမ်း စာများ ၌ကိုယ် တော်ကိုရည်မှတ်၍ ရေး ထား သမျှ သောကျမ်း စာချက်အနက်ကိုရှင်းလင်းစွာဖော်ပြတော်မူ၏။

**ရှင်လုကာခရစ်ဝင် ၂၄း၂၇**

## ဘုရားသခင်၏ထာဝရနှုတ်ကပါတ်တော်သည် မည်သည့်အခါမျှပြောင်းလဲခြင်းမရှိ

အိုထာဝရဘုရား နှုတ်ကပါတ် တော်သည် ကောင်း ကင်ဘုံ၌ အစဉ်အ မြဲ တည်ပါ၏။ နှုတ်ကပါတ် တော်အလုံး စုံတို့ သည်ဟုတ် မှန်ပါ၏။ တရား သ ဖြင့်စီရင် တော်မူချက်ရှိသမျှတို့ သည်အစဉ်အ မြဲ တည်ကြပါ၏။ **ဆာလံကျမ်း ၁၁၉း၈၉၊၁၆၀**

မြက်ပင်သည်ညှိုး နွမ်း သွေ့ ခြောက်တတ်၏။ အပွင့်လည်း ကြွေ တတ်၏။ ထာဝရဘုရား ၏ နှုတ်ကပါတ်တရား မူကား၊ ကာလအစဉ် အမြဲတည်၏။ **ဟေရှာယအနာဂတ္တိကျမ်း ၄၀း၈**

ကောင်း ကင်နှင့် မြေ ကြီး မပျက်စီး မှီတိုင် အောင်ပညတ္တိကျမ်း ၌အငယ်ဆုံး သောစား လုံး ဗိန္ဒုတလုံး မျှ ပြည့်စုံ ခြင်း သို့ မ ရောက်မှီ မပျက်စီးရ။ **ရှင်မဿဲခရစ်ဝင် ၅း၁၈**

ကျမ်းစကားကိုမပယ်ရ . . . .(မပျက်ပြယ်နိုင်)။
**ရှင်ယောဟန်ခရစ်ဝင် ၁၀း၃၅(ခ)**

### လူသည်သမ္မာကျမ်းစာကိုမပြောင်းလဲမပြုပြင်ဝံ့

ငါမှာထား သမျှတို့ ကိုကျင့်အံ့ သောငှါ စောင့် ရှောက် လော့။ ထပ်၍မပိုရနှုတ်၍မလျော့စေရ။ **တရားဟောရာကျမ်း ၁၂း၃၂**

စကား တော်တို့ ၌ထပ်၍ မသွင်း နှင့်။ သို့ ပြုလျှင်အ ပြစ်တင် တော်မူ၍၊သင်သည်မုသာသုံးသောသူဖြစ်လိမ့်မည်။
**သုတ္တံကျမ်း ၃၀း၆**

အ ကြင်သူသည် ဤစာ စောင်၏ အနာဂတ္တိစကား အချို့ ကိုနှုတ် ပယ်၏။ ထိုသူစပ်ဆိုင် သောအခွင့်ကို(အသက်စာ စောင်မှ)ဘုရား သ ခင်နှုတ်ပယ်တော်မူမည်။ **ဗျာဒိတ်ကျမ်း ၂၂း၁၉**

နှုတ်ကပါတ်တော်ကိုမထီမဲ့မြင်ပြုသောသူသည်ပျက်စီးလိမ့်မည်။
**သုတ္တံကျမ်း ၁၃း၁၃(က)**

## ယေရှု၏အသေခံတော်မူခြင်းသည်ဘုရားသခင်၏ အကြံအစည်တော်ကိုပြည့်စုံစေသည် 

ငါသည်ကိုယ်အသက်ကိုစွန့်၍ နောက်တဖန်ယူဦးမည် ဖြစ်သော ကြောင့်၊ ငါ့ခမည်းတော်သည်ငါ့ကိုချစ်တော်မူ၏။ ငါ့အသက်ကိုအဘယ်သူမျှမလုမယူ၊ ကိုယ်အလိုအလျောက်ငါစွန့်၏။ ကိုယ်အသက်ကိုစွန့်ရသောအခွင့်နှင့် နောက်တဖန်ကိုယ်အသက်ကိုယူ ပြန်ရသောအခွင့်သည်ငါ၌ရှိ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁၀း၁၇၊၁၈(က၊ခ)**

အထက်အရပ်မှအခွင့်ကိုမရလျှင်၊ မင်း ကြီး သည်ငါ့ကိုအဘယ်သို့မျှမပြုပိုင် . . . . ဟု(ယေရှု)မိန့်တော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁၉း၁၁(က)**

ယခုပင်ငါ့အဘကိုငါ တောင်း နိုင်သည်ကိုငှင်း၊ တောင်း လျှင် ကောင်း ကင်တမန်တဆယ့်နှစ်တပ်မကငါ့ထံသို့ စေလွှတ် တော်မူမည်ကိုငှင်း၊ သင်သည်မထင်သ လော။ သို့ ဖြစ်လျှင် ဤသို့ သောအမှုအရာတို့ သည် ဖြစ်ရမည်ဟူ သောကျမ်း စာချက်သည်အဘယ်သို့ ပြည့်စုံအံ့နည်းဟုမိန့်တော်မူ၏။ **ရှင်မဿဲခရစ်ဝင် ၂၆း၅၃၊၅၄**

ခရစ် တော်သည်အသေခံရမည်ဟုပ ရောဖက်အပေါင်း တို့ သည် ဟော ပြော၍၊ ဘုရား သခင် ဖေါ် ပြ တော်မူနှင့် သောအမှုကိုထိုသို့ အားဖြင့်ပြီးစီးစေတော်မူပြီ။ **တမန်တော်ဝတ္ထု ၃း၁၈**

ဘုရား သခင် ပြဋ္ဌာန်း တော်မူ သောအလို တော်အား ဖြင့်ငှင်း၊ အနာဂတ်သဥာဏ် တော်အား ဖြင့်ငှင်း၊ အပ်နှံ ခြင်း ကိုခံ သောထိုယေရှုကိုသင်တို့ သည်ဖမ်းဆီး၍မတရား သောသူတို့ လက်ဖြင့်လက်ဝါးကပ်တိုင်၌ရိုက်၍ကွပ်မျက်ကြပြီ။ **တမန်တော်ဝတ္ထု ၂း၂၃**

ထာဝရဘုရား သည်သူ့ ကိုနှိပ်စက် ခြင်း ၌ ါအလို တော်ရှိ၍ နာ စေတော်မူ၏။သူသည်အပြစ်ဖြေသောယဇ်ကိုပူဇော်ပြီးမှ . . . .။

**ဟေရှာယအနာဂတ္တိကျမ်း ၅၃း၁၀(က)**

## ၇၂ မျက်မြင်သက်သေအများကဖော်ပြသောယေရှု၏ အသက်တော်စွန့်ခြင်း

ကိုယ်တော်နှင့်တကွဓါးပြနှစ်ယောက်တို့ သည်လက်ျာတော်ဘက်၌တယောက်၊ လက်ဝဲတော်ဘက်၌တယောက်လက်ဝါးကပ်တိုင်မှာရိုက်ထားကြ၏။ ထိုသို့ မတရားသောသူတို့ နှင့် ရေတွက်ဝင်ခြင်းသို့ ရောက်သည်ဟုဆိုသောကျမ်းစာချက်သည် ပြည့်စုံခြင်းသို့ ရောက်သတည်း။

**ရှင်မာကုခရစ်ဝင် ၁၅း၂၇၊၂၈**

မွန်းတည့်အချိန်မှစ၍ သုံးချက်တီးအချိန်တိုင်အောင်၊ မြေတပြင်လုံး၌မှောင်မိုက်အတိဖြစ်လေ၏။ . . . . ယေရှုသည်ကြီးသောအသံနှင့်တဖန် ကြွေးကြော်ပြီးလျှင်အသက်တော်ကိုလွှတ်တော်မူ၏။ . . . . မြေကြီးလှုပ်လေ၏။ ကျောက်များတို့ သည်ကွဲပြားကြ၏။ . . . . ယေရှုကိုစောင့်သောတပ်မှူးမှစ၍ စစ်သူရဲများတို့ သည် မြေကြီးလှုပ်ခြင်းစသည်တို့ ကိုမြင်လျှင်၊ အလွန်ထိတ်လန့်၍ စင်စစ်ဤသူသည်ဘုရားသခင်၏သားတော်မှန်ပေ၏ဟုဆိုကြ၏။

**ရှင်မဿဲခရစ်ဝင် ၂၇း၄၅၊၅၀-၅၁၊၅၄**

ထိုအခါစစ်သူရဲတို့ သည်သွား၍ ကိုယ်တော်နှင့်အတူလက်ဝါးကပ်တိုင်မှာရိုက်ထားသောသူနှစ်ယောက်တို့ ၏ ခြေကိုချိုးလေ၏။ ယေရှုထံသို့ ရောက်၍ အသက်မရှိကြောင်းကို မြင်လျှင် ခြေကိုမချိုးဘဲ စစ်သူရဲတယောက်သည်နံဘေးတော်ကိုလှံနှင့်ထိုးဖေါက်၍ သွေးနှင့်ရေသည်ချက်ခြင်းထွက်လာ၏။ . . . . ထိုအကြောင်းအရာကား သူ၏ အရိုးကိုမချိုးရဟုကျမ်းစာလာချက် ပြည့်စုံမည်အကြောင်းတည်း။ တဖန် . . . . ထိုသူတို့ သည်မိမိတို့ ထိုးဖေါက်သောသူကိုရှုမြင်ရကြလိမ့်မည်ဟုလာ၏။

**ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၂-၃၅၊၃၆-၃၇**

ထိုသူကိုသေခြင်းဝေဒနာသည်အစဉ်ချည်နှောင်ချုပ်ကိုင်၍မဖြစ်နိုင်သည်နှင့်ထို ဝေဒနာကိုဘုရား သခင်သည်ချွတ်ပယ်၍ ထ မြောက်စေ တော်မူ ပြီ။ ထို ယေရှုကိုဘုရား သခင်ထ မြောက် စေ တော်မူသည်ကိုင ါတို့ရှိသမျှသည်သက်သေခံဖြစ်ကြ၏။ **တမန်တော်ဝတ္ထု ၂း၂၄**

ထိုသူငယ်တို့ သည်အသွေး အသား နှင့်ဆက်ဆံ ကြ သောကြောင့်ခရစ် တော်သည်အသေခံ တော်မူ သောအား ဖြင့်၊ သေ ခြင်းတရား ကိုအစိုး ရသောသူတည်းဟူသောမာရ်နတ်၏တန်ခိုး ကိုချိုးဖဲ့ဖျက်ဆီး ခြင်း ငှ ါငှင်း၊ သေ ဘေး ကို ကြောက်၍ တသက်လုံး ကျွန်ခံရသောသူတို့ ကိုကယ်လွှတ်ခြင်းငှ ါငှင်း၊ထိုသူငယ်တို့၏နည်းတူအသွေးအသားကိုဆောင်ယူတော်မူ၏။ **ဟေဗြဲသြဝ ါဒစာ ၂း၁၄၊၁၅**

အိုသေမင်း သင်၏ လက်နက် သည်အဘယ် မှာရှိ သနည်း။ အိုမရဏာနိုင်ငံ၊ သင်၏ အောင် မြင် ခြင်း သည်အဘယ်မှာရှိသနည်း။ င ါတို့သခင်ယေရှုခရစ်အားဖြင့်င ါတို့အား အောင်ခြင်းအခွင့်ကိုပေးတော်မူ သောဘုရား သခင်၏ ကျေး ဇူး တော်သည် ကြီး လှစွတကား ....။ **ကောရိန္သုသြဝ ါဒစာပထမစောင် ၁၅း၅၅**

(င ါသည်) ....အသက်ရှင် သောသူလည်း ဖြစ်၏။ င ါသည်အရင် သေသည် ဖြစ်၍ ကမ္ဘာအဆက်ဆက်အသက်နှင့် ပြည့်စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်းင ါအစိုးရ၏။

**ဗျာဒိတ်ကျမ်း ၁း၁၈**

ထို ကျေးဇူးတော်ကားင ါတို့ကိုကယ်တင်သောသခင်ယေရှုခရစ်ပေါ် ထွန်း သည်အရာမှာယခုထင်ရှား လျက်ရှိ၏။ ထိုသခင်သည် သေခြင်း အကြောင်းကိုပယ်ရှား၍၊အသက်ရှင်ခြင်းအကြောင်းနှင့်မဖေါက်ပြန်ခြင်းအကြောင်းကိုဧဝံဂေလိတရားအားဖြင့်ထင်ရှားစေတော်မူပြီ။

**တိမောသေသြဝ ါဒစာဒုတိယစောင် ၁း၁၀**

ငါသည်တံခါး ရှေ့မှာရပ်၍ ခေါက်လျက် နေ၏။ အကြင်သူ သည်ငါ၏ အသံကိုကြား၍ တံခါး ကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူစား သောက်မည်။ သူသည်လည်းငါနှင့်အတူစား သောက် ရလိမ့်မည်။ **ဗျာဒိတ်ကျမ်း ၃း၂၀**

အကျင့်မရှိ သောသူမည်သည်ကား၊ မတရား သောသူ၏ အပြစ် ကို ဖြေ သောသူကိုယုံ ကြည်လျှင်၊ သူ၏ ယုံ ကြည် ခြင်း ကို ဖြောင့်မတ် ခြင်းကဲ့သို့မှတ်လျက်ရှိ၏။ **ရောမသြဝါဒစာ ၄း၅**

သင်တို့ သည်သန့် ရှင်း သောဝိညာဉ် တော်ကိုခံ ကြ လော့။ . . . . သင်တို့သည်ဝမ်းမြောက်စ ရာအကြောင်းစုံလင်စေခြင်းငှါ တောင်းကြလော့။ထိုသို့တောင်းလျှင်ရကြလိမ့်မည်။

**ရှင်ယောဟန်ခရစ်ဝင် ၂၀း၂၂(ခ)၊ ၁၆း၂၄(ခ)**

အဘယ်သို့ နည်း ဟူမူကား၊ သင်သည်သခင် ယေရှုကိုနှုတ် ဖြင့်ဝန် ခံ၍၊ ဘုရား သခင်သည်သူ့ ကို သေ ခြင်း မှထ မြောက် စေ တော်မူ ပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။

**ရောမသြဝါဒစာ ၁၀း၉**

အ ကြင်သူသည်ငါ့ကိုချစ်သည်ထက်မိဘကိုသာ၍ ချစ်၏။ ထို သူသည်ငါနှင့်မထိုက်မတန်။ . . . . ထိုအခါယေရှုက၊ ငါ၌ဆည်း ကပ် လိုသောသူဖြစ်လျှင်၊ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါး ကပ် တိုင်ကိုထမ်း ၍ ငါ့ နောက်သို့ လိုက်ရမည်။ အကြင်သူသည်မိမိအသက် ကိုကယ်ဆယ်ခြင်းငှါအလိုရှိ၏။ ထိုသူသည်အသက်ရှုံးလိမ့်မည်။ အကြင် သူသည်ငါ့ကြောင့်အသက်ရှုံး၏။ထိုသူသည်အသက်ကိုတွေ့လိမ့်မည်။

**ရှင်မဿဲခရစ်ဝင် ၁၀း၃၇(က)။၁၆း၂၄၊၂၅**

ခရစ် တော်နှင့်စပ်ဆိုင်လျှင်၊ အာ ဗြဟံ၏ အမျိုး အနွယ်ပင် ဖြစ်၍၊ ကတိတော်အတိုင်းအမွေခံ၏အရာ၌တည်ကြ၏။

**ဂလာတိသြဝါဒစာ ၃း၂၉**

## ယေရှုအားဖြင့်ကျွန်ုပ်တို့သည်အသစ်သော အသက်တာကိုရရှိသည်



သက် သေခံ တော်မူချက်ဟူမူကား၊ ဘုရား သခင်သည်ငါတို့ အား ထာဝရအသက်ကို ပေး တော်မူ၍၊ ထိုအသက်သည်လည်း သား တော်၌ပ ါ၏။ သား တော်ကိုရသောသူသည်အသက်ကိုရ၏။ ဘုရား သခင်၏ သားတော်ကိုမရသောသူမူကားအသက်ကိုမရ။

**ဗေက်ဩဝါဒစာ ၂း၄၊၅**

သို့ သော်လည်း ကရုဏာ တော်နှင့်ကြွယ်ဝ တော်မူ သောဘုရား သခင်သည် . . . . ဒုစရိုက်အ ပြစ်၌ သေလျက်ရှိ သောငါတို့ ကိုခရစ် တော်နှင့်အတူအသက်ရှင် စေ တော်မူ ပြီ။ ကျေး ဇူး တော် ကြောင့်သာကယ်တင်ခြင်းသို့ရောက်ရ၏။

**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၅း၁၁၊၁၂**

ငါသည်ခရစ် တော်နှင့်အတူလက်ဝ ါးကပ်တိုင်မှာအသေခံပြီ။ သို့ သော်လည်း အသက်ရှင် သေး ၏။ ထိုသို့ ဆို သော်ငါသည်ကိုယ်တိုင် မရှင်၊ ခရစ် တော်သည်ငါ၌ရှင် တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုင ါရှင် သောအသက်သည်၊ ဘုရား သခင်၏ သား တော်ကိုယုံကြည်ခြင်း အား ဖြင့်တည်၏။ **ဂလာတိဩဝါဒစာ ၂း၂ဝ**

ယေရှုခရစ်၌တည်၍အသက်ရှင်စေသောဝိညာဉ် တော်၏ တရား သည်၊ အ ပြစ်တရား ၏ လက်မှ၄င်း၊ သေ ခြင်း တရား ၏ လက်မှ၄င်း ငါ့ကိုကယ်လွှတ်ပြီ။ **ရောမဩဝါဒစာ ၈း၂**

လူမည်သည်ကား ခရစ် တော်၌ရှိလျှင်အသစ်ပြုပြင် သောသတ္တဝါ ဖြစ်၏။ ဟောင်း သောအရာတို့ သည် ပြောင်း လဲ ၍ ခပ်သိမ်း သောအရာတို့သည်အသစ်ဖြစ်ကြပြီ။

**ကောရိန္တုဩဝါဒစာဒုတိယစောင် ၅း၁၇**

ဘုရား သခင်သည်သန့် ရှင်း သောဘုံဗိမာန် တော်၌စံပယ်လျက် မိဘမရှိသောသူတို့၏အဘဖြစ်၍မုဆိုးမတို့ဖက်မှာတရားစီရင်တော်မူ၏။ **ဆာလံကျမ်း ၆၈း၅**

သို့ ရာတွင်အိုထာဝရဘုရား၊ ကိုယ် တော်သည်အကျွန်ုပ်တို့ အဘ ဖြစ် တော်မူ၏။ အကျွန်ုပ်တို့ သည်အိုး မြေဖြစ်ပ ါ၏။ ကိုယ် တော်သည် အကျွန်ုတို့ ၏ အိုး ထိန်း ဖြစ် တော်မူ၏။ အကျွန်ုပ်တို့ ရှိသမျှသည်လက် တော်နှင့်ဖန်ဆင်း သောအရာ ဖြစ်ပ ါ၏။ အိုထာဝရဘုရား ကိုယ် တော် သည်အကျွန်ုပ်တို့ အဘ ဖြစ် တော်မူ၏။ ရှေး ကာလမှစ၍ အကျွန်ုပ်တို့ ကိုရွေးနှုတ်သောဘုရားဖြစ်တော်မူ၏။

**ဟေရှာယအနာဂတ္တိကျမ်း ၆၄း၈၊၆၃း၁၆ (ခ)**

သင်တို့ သည်င ါ၏ လူမဟုတ်ဟုထိုသူတို့ အား ပြောဆိုရာအရပ် ၌ပင်လျှင်၊ သူတို့ သည်အသက်ရှင် တော်မူ သောဘုရား သခင်၏ သား ဟုခေါ် ဝေါ် ခြင်းကိုခံရကြလိမ့်မည်။

**ဟောရှေအနာဂတ္တိကျမ်း ၁း၁၀ (ခ)**

သင်တို့ သည်အဆိုး ဖြစ်လျက်ပင်ကိုယ်သား တို့ အား ကောင်း သောအရာကို ပေး တတ်လျှင်၊ ထိုမျှမက ကောင်း ကင်ဘုံ၌ရှိ တော်မူ သောသင်တို့ အဘသည်ဆု တောင်း သောသူတို့ အား၊ ကောင်း သောအရာကိုသာ၍ ပေး တော်မူမည်မဟုတ် လော။ ....ထို့ ကြောင့်သင်တို့ ဆု တောင်း ရမည်မှာ၊ ကောင်း ကင်ဘုံ၌ရှိ တော်မူ သောအကျွန်ုပ်တို့ အဘ၊ကိုယ်တော်၏နာမတော်အားရိုသေလေးမြတ် ခြင်းရှိပ ါစေသော။ **ရှင်မဿဲခရစ်ဝင် ၇း၁၁၊၆း၉**

ထိုသို့ ပြုလျှင်သင်တို့ ကိုင ါသည်လက်ခံမည်။ သင်တို့ ၏ အဘ ဖြစ် မည်။ သင်တို့ သည်လည်းင ါ၏သားသမီးဖြစ်ကြလိမ့်မည်ဟုအနန္တတန် ခိုးနှင့်ပြည့်စုံတော်မူသောထာဝရဘုရားမိန့်တော်မူ၏။

**ကောရိန္သုပြဲဝ ါဒစာဒုတိယစောင် ၆း၁၇ (ဂ)၊၁၈**

## ယေရှုအားဖြင့်ကျွန်ုပ်တို့သည်ဘုရားသခင်အား ဖခင်အဖြစ်သိနားလည်ရသည်

ယေရှုကငါသည်လမ်း ခရီး ဖြစ်၏။ သမ္မာတရား လည်း ဖြစ်၏။ အသက်လည်း ဖြစ်၏။ ငါ့ကိုအမှီမပြုလျှင်အဘယ်သူမျှခမည်း တော် ထံသို့ မ ရောက်ရ။ သင်တို့ သည်ငါ့ကိုသိလျှင်ငါ့ခမည်း တော်ကိုမ သိဘဲ မ နေရ ကြ။ ယခုမှစ၍ ခမည်း တော်ကိုသိ မြင် ကြ၏။ ....ငါ့ ကိုချစ် သောသူသည်ငါ့စကား ကိုနား ထောင်လိမ့်မည်၊ ငါ့ခမည်း တော်သည်ထိုသူကိုချစ် တော်မူမည်။ ငါတို့ သည်လည်း သူ့ ဆီသို့ ကြွ၍နေရာချမည် (ဟုမိန့်တော်မူ၏)။

**ရှင်ယောဟန်ခရစ်ဝင် ၁၄း၆၊ ၇၊ ၂၃**

ငါတို့ သည်သား ၏ အခွင့်အရာကိုခံရမည်အကြောင်း .... သား တော်ကိုဘုရား သခင်သည် စေလွှတ် တော်မူ၏။ ထိုသို့ သင်တို့ သည်သား ဖြစ်သောကြောင့်အဗ္ဗအဘဟုခေါ် တတ်သောသား တော် ၏ဝိညာဉ်တော်ကိုသင်တို့စိတ်နှလုံးထဲသို့ဘုရားသခင်စေလွှတ်တော် မူ၏။သို့ဖြစ်၍သင်တို့သည်နောက်တဖန်အစေအပါးကျွန်မဖြစ်သား ပင် ဖြစ် ကြ၏။ သား ဖြစ်လျှင်ခရစ် တော်အား ဖြင့်ဘုရား သခင်၏ အ မွေခံလည်း ဖြစ် ကြ၏။ အဘယ်သို့ နည်း ဟူမူကား၊ သင်တို့ အပေါင်း သည်ယေရှုခရစ်ကိုယုံကြည်ကြသဖြင့်ဘုရားသခင်၏သားဖြစ်ကြ၏။

**ဂလာတိဩဝါဒစာ ၄း၄–၇။၃း၂၆**

ထိုသူကိုလက်ခံသမျှ သောသူတည်း ဟူ သော၊ ကိုယ် တော်ကိုယုံ ကြည် သောသူတို့ အား၊ ဘုရား သခင်၏ သား ဖြစ်ရ သောအခွင့်ကို ပေးတော်မူ၏။ **ရှင်ယောဟန်ခရစ်ဝင် ၁း၁၂**

တစုံတယောက် သောသူသည်ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ် တော်မူ သောအရှင် ယေရှုခရစ်တည်း ဟူ သောငါတို့ အမှု ဆောင်သ ခင်သည်ခမည်းတော်ထံ၌ရှိတော်မူ၏။

**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၂း၁(ခ)**

## ၃၈ ယေရှုသည်ချစ်ခြင်း၊ဝမ်းမြောက်ခြင်း၊ငြိမ်သက်ခြင်းကို ယူဆောင်ပေးသည်

ချစ် ခြင်း မရှိ သောသူသည်ဘုရား သခင်ကိုမသိ။ အကြောင်း မူကား ဘုရား သခင်သည်ချစ် ခြင်း မေတ္တာ ဖြစ် တော်မူ၏။ ဘုရား သခင်သည်ချစ် ခြင်း မေတ္တာ ဖြစ် တော်မူ၏။ ချစ် ခြင်း မေတ္တာ၌တည် သောသူသည်ဘုရား ၌တည်၏။ ဘုရား သခင်သည်လည်း ထိုသူ၌တည် တော်မူ၏။ **ရှင်ယောဟန်ဩဝါဒစာပထမစောင် ၄း၈၊၁၆(ခ)**

အချင်း ချင်း ကျေး ဇူး ပြု ခြင်း၊ သနား စုံမက် ခြင်း၊ ဘုရား သခင်သည်ခရစ် တော် ကြောင့်သင်တို့ ၏ အ ပြစ်ကိုလွှတ် တော်မူသကဲ့ သို့ အချင်းချင်းအပြစ်လွှတ်ခြင်းရှိကြလော့။ **ဧဖက်ဩဝါဒစာ ၄း၃၂**

သင်တို့ သည်အချင်း ချင်း ချစ် ကြလျှင်၊ လူအပေါင်း တို့ သည် ထို မေတ္တာကို ထောက်၍ သင်တို့ သည်ငါ၏ တပည့် ဖြစ် ကြသည်ကို သိရကြလိမ့်မည်ဟုမိန့်တော်မူ၏။ **ရှင်ယောဟန်ခရစ်ဝင် ၁၃း၃၅**

ဝိညာဉ်ပကတိ၏အကျိုးမူကားချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း . . . .။ **ဂလာတိဩဝါဒစာ ၅း၂၂(က)**

သို့ သော်လည်း ထာဝရဘုရား ၌ငါဝမ်း မြောက်၍၊ ငါ့ကိုကယ်တင်တော်မူသောဘုရားသခင်ကိုအမှီပြုလျက်ရွှင်လန်းမည်။

**ဟဗက္ကုတ်အနာဂတ္တိကျမ်း ၃း၁၈**

(ကိုယ် တော်သည်)အသက်ရှင် ခြင်း လမ်း ကို ပြညွှန် တော်မူလိမ့်မည်။အထံတော်၌စုံလင်သောဝမ်းမြောက်ခြင်းအခွင့်နှင့်လက်ျာတော်နားမှာအစဉ်အမြဲပျော်မွေ့ခြင်းအခွင့်ရှိပါ၏။ **ဆာလံကျမ်း ၁၆း၁၁**

ထို့ ကြောင့်ငါတို့ သည်ယုံ ကြည် ခြင်း ရှိ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင်၊ ငါတို့ သခင် ယေရှုခရစ်အား ဖြင့်ဘုရား သခင့် ရှေ့ တော်၌ငြိမ်သက်ခြင်းကိုခံစားကြ၏။ **ရောမဩဝါဒစာ ၅း၁**

## ယေရှုသည်မိမိ၏စစ်မှန်သော
## နောက်တော်လိုက်များအားရှင်ပြန်ထမြောက်စေမည်

ဘုရား သခင်သည်တန်ခိုး တော်အား ဖြင့်သခင်ဘုရား ကိုထ မြောက် စေ တော်မူသည် ဖြစ်၍ ငါတို့ ကိုလည်း ထ မြောက် စေ တော် မူလိမ့်မည်။ **ကောရိန္သုသြဝါဒစာပထမစောင် ၆း၁၄**

ငါ့ကို စေလွှတ် တော်မူ သောခမည်း တော်၏ အလို တော်ကား . . . . သား တော်ကို ကြည့် မြင်၍ ယုံ ကြည် သောသူရှိသမျှတို့ သည်၊ ထာဝရအသက်ကိုရ စေ ခြင်း ငှါ ငှင်း အလို တော်ရှိ၏။ ငါသည်လည်း နောက်ဆုံးသောနေ့၌ထိုသူတို့ကိုထမြောက်စေမည်ဟုမိန့်တော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၆း၃၉ (က)၊၄၀**

ယေရှုကလည်း ငါသည်ထမြောက်ခြင်းအကြောင်း၊အသက်ရှင် ခြင်း အကြောင်း ဖြစ်၏။ ငါ့ကိုယုံ ကြည် သောသူသည် သေလွန် သော် လည်း ရှင်လိမ့်မည်။ ငါ့ကိုယုံ ကြည်၍ အသက်ရှင် သောသူရှိသမျှတို့ သည်လည်း သေ ခြင်း နှင့်အစဉ်မ ပြတ်ကင်း လွတ် ကြလိမ့်မည် (ဟုမိန့် တော်မူ၏)။ **ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅၊၂၆ (က)**

သို့ ဖြစ်၍ လူအား ဖြင့် သေ ခြင်း တရား သည်တည်သကဲ့ သို့၊ သေ သောသူတို့ ၏ထမြောက်ခြင်းတရားသည်လူအားဖြင့်တည်လျက်ရှိ၏။ လူအပေါင်း တို့သည်အာဒံအားဖြင့်သေခြင်းသို့ရောက်သည်နည်းတူ၊ လူအပေါင်းတို့သည်ခရစ်တော်အားဖြင့်အသက်ရှင်ခြင်းသို့ရောက်ရ ကြလတ္တံ့။သို့ရာတွင်လူအသီးသီးတို့သည်မိမိတို့အလှည့်အတိုင်းလိုက် ရကြလိမ့်မည်။ခရစ်တော်သည်အဦးသီးသောအသီးဖြစ်တော်မူ၏။ထို့ နောက်ခရစ် တော်သည်ကြွလာ တော်မူ သောအခါ ၊ တပည့် တော် ဖြစ် သောသူတို့သည်ရှင်ခြင်းသို့ရောက်ကြလိမ့်မည်။

**ကောရိန္သုသြဝါဒစာပထမစောင် ၁၅း၂၁–၂၃**

ငါသည်အသက်ရှင် သော ကြောင့်သင်တို့ သည်လည်း အသက်ရှင် ရကြလိမ့်မည်။ **ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၉ (ခ)**

## ဤမျှကြီးမားသောကယ်တင်ခြင်းကိုဥပေက္ခာမပြုနှင့်

မောရှေ၏တရားကိုပယ်သောသူမည်သည်ကား၊ သက်သေခံနှစ်ဦး သုံးဦး ရှိလျှင်သနားခြင်းကိုမခံရဘဲ သေရ၏။ ထိုမျှမကဘုရားသခင်၏ သားတော်ကိုခြေဖြင့်ကျော်နင်းလျက်၊ မိမိကိုစင်ကြယ်စေသောပဋိညာဉ်တရား၏ အသွေးကိုအပြစ်တင်လျက်၊ ဆုကျေးဇူးကို ပေးသောဝိညာဉ်တော်ကိုမထီမဲ့ မြင်ပြုလျက်ရှိသောသူသည်၊ အဘယ်မျှလောက်ကြီးစွာသောဒဏ်ဖြင့်ခံထိုက်သည်ကိုသင်တို့ထင်ကြသနည်း။

**ဟေဗြဲသြဝါဒစာ ၁၀း၂၈၊၂၉**

ငါ့ကိုပယ်၍ ငါ့စကားကိုနားမခံသောသူအား၊ အပြစ်စီရင်သောသူရှိသေး၏။ ငါဟောပြောသောစကားပင် နောက်ဆုံးသောနေ့၌ထိုသူအားအပြစ်စီရင်လိမ့်မည်။

**ရှင်ယောဟန်ခရစ်ဝင် ၁၂း၄၈**

ထို့ကြောင့်သင်တို့သည်ကိုယ်အပြစ်၌သေကြလိမ့်မည်ဟုငါဆို၏။ ငါသည်ဤမည်သောသူဖြစ်သည်ကိုသင်တို့သည်မယုံလျှင်၊ ကိုယ်အပြစ်၌သေကြလိမ့်မည်ဟုမိန့်တော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၈း၂၄**

ငါ့အဆွေတို့၊ သင်တို့အား ငါဆိုသည်ကား၊ ကိုယ်ခန္ဓာကိုသတ်၍ နောက်တဖန်အလျှင်းမပြုနိုင်သောသူတို့ကိုမကြောက်ကြနှင့်။ အဘယ်သူကိုကြောက်ရမည်နည်းဟူမူကား၊ ကိုယ်ခန္ဓာကိုသတ်ပြီးမှ ငရဲထဲသို့ ချနိုင်သောသူကိုကြောက်ကြလော့။ ငါအမှန်ဆိုသည်ကား ထိုသူကိုကြောက်ကြလော့။ **ရှင်လုကာခရစ်ဝင် ၁၂း၄၊၅**

ဤမျှလောက်ကြီးစွာသောကယ်တင်တော်မူခြင်းတရားကို ငါတို့သည်နားမထောင်ဘဲ နေလျှင်၊ အပြစ်ဒဏ်နှင့်အဘယ်သို့ လွတ်ကြလိမ့်မည်နည်း။ **ဟေဗြဲသြဝါဒစာ ၂း၃(က)**

## ယေရှုခရစ်တော်သည်ကျွန်ုပ်တို့အား တရားစီရင်တော်မူလိမ့်မည်

အကြောင်း မူကား ခန့်ထား တော်မူ သောသူအား ဖြင့် လောကီ သား တို့ ကို ဖြောင့်မတ် ခြင်း တရား နှင့် လျော်ညီစွာစစ် ကြောစီရင် မည့်နေ့ရက်ကိုချိန်းချက်တော်မူပြီ။ထိုသူကိုသေခြင်းမှထမြောက်စေ တော်မူ သောအား ဖြင့်ခပ်သိမ်း သောလူတို့ အား ယုံ လောက် သောသက်သေကိုပြတော်မူပြီ။ **တမန်တော်ဝတ္ထု ၁၇း၃၁**

လူအပေါင်း တို့ သည်ခမည်း တော်ကိုရို သေသည်နည်း တူ၊ သား တော်ကိုရို သေ စေမည်အကြောင်း၊ ခမည်း တော်သည်အဘယ် သူကိုမျှတရား စီရင် တော်မမူ။ တရား စီရင် ခြင်း အခွင့်ရှိသမျှကိုသား တော်အားအပ်ပေးတော်မူ၏။

**ရှင်ယောဟန်ခရစ်ဝင် ၅း၂၂၊၂၃(က)**

အကြောင်းမူကားငါတို့ရှိ သမျှသည်ကိုယ် ခန္ဓာ၌ကျင့်သော အကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း၊အကျိုးအပြစ်ကိုအသီးသီးခံ ခြင်းငှါခရစ်တော်၏တရားပလ္လင်ရှေ့၌ပေါ်လာရကြမည်။

**ကောရိန္သုဩဝါဒစာဒုတိယစောင် ၅း၁၀**

ငါဟော ပြော သောဧဝံ ဂေလိတရား အတိုင်း ဘုရား သခင်သည် ယေရှုခရစ်အား ဖြင့်လူတို့ ၏ မထင်ရှား သောအမှုအရာတို့ ကိုစစ် ကြောစီရင်တော်မူသောနေ့၌ထိုသို့စီရင်တော်မူလတ္တံ့။

**ရောမဩဝါဒစာ ၂း၁၆**

သခင် ယေရှုသည်တန်ခိုး ရှိသော ကောင်း ကင်တမန်တို့ နှင့်အတူ ကောင်း ကင်ဘုံက ပေါ် ထွန်း တော်မူ၍၊ဘုရား သခင်ကိုမသိ သောသူ၊ ငါတို့သခင်ယေရှုခရစ်၏ဧဝံဂေလိတရားကိုနားမထောင်သောသူတို့ ကိုမီးလျှံအားဖြင့်ဒဏ်ပေးတော်မူသောအခါ....။

**သက်သာလောနိတ်ဩဝါဒစာဒုတိယစောင် ၁း၇၊၈(က)**

## ၄၂ ယေရှုနောက်တော်သို့လိုက်ရန်ဝန်ခံသောသူတိုင်း ကိုယေရှုမပိုင်ဆိုင်

သူတို့ သည်ဘုရား သခင်ကိုသိ ယောင် ဆောင် သော်လည်း၊ အကျင့်အားဖြင့်ဘုရားသခင်ကိုငြင်းပယ်ကြ၏။

**တိတုသြဝါဒစာ ၁း၁၆(က)**

ခရစ် တော်၏ ဝိညာဉ်ကိုမရ သောသူမည်သည်ကား၊ ခရစ် တော်နှင့်မဆိုင်။ **ရောမသြဝါဒစာ ၈း၉(ဂ)**

....ငါ၏ လူကဲ့ သို့ သင့် ရှေ့ မှာထိုင်လျက်၊ သင်၏ စကား ကို ကြား သော်လည်း၊ နား မ ထောင်ဘဲ နေ ကြ၏။ အလွန်ချစ်ဖွယ် သော လက္ခဏာကိုနှုတ်နှင့် ပြ သော်လည်း၊ စိတ်နှလုံး မူကား လောဘီဥစ္စာ ကိုစွဲလမ်းလျက်ရှိ၏။ **ယေဇကျေလအနာဂတ္တိကျမ်း ၃၃း၃၁**

.... ဤလူမျိုး သည်နှုတ်နှင့်ငါ့ထံသို့ ချဉ်း ကပ်၍၊ နှုတ်ခမ်း နှင့်ငါ့ကိုရိုသေကြ၏။စိတ်နှလုံးမူကားငါနှင့်ဝေးလှ၏။

**ရှင်မဿဲခရစ်ဝင် ၁၅း၇(ခ)**

သခင်၊ သခင်ဟုငါ့ကို လျှောက် သောသူတိုင်း ကောင်း ကင်နိုင်ငံ တော်သို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်း ကင်ဘုံ၌ရှိ တော်မူ သော ငါ့ခမည်းတော်၏အလိုတော်ကို ဆောင်သောသူသာလျှင်ဝင်ရ လိမ့်မည်။ ထို နေ့ ၌ကား သခင်၊ သခင်၊ အကျွန်ုပ်တို့ သည်ကိုယ် တော် အခွင့်နှင့်ဆုံး မ သြဝါဒ ပေး ပါပြီမဟုတ် လော။ ကိုယ် တော်အခွင့်နှင့် နတ်ဆိုး တို့ ကိုနှင်ထုတ်ပါပြီမဟုတ် လော၊ ကိုယ် တော်အခွင့်နှင့်များ စွာ သောတန်ခိုး တို့ ကို ပြပါပြီမဟုတ် လောဟုအများ သောသူတို့ သည် လျှောက် ကြလိမ့်မည်။ ထိုသို့ လျှောက် သောအခါ၊ သင်တို့ ကို ငါအလျှင်း မသိ။ အဓမ္မအမှုကိုပြု သောသူတို့ ငါ့ထံမှဖယ် ကြဟုထို သူတို့အားအတည့်အလင်းငါပြောမည်။ **ရှင်မဿဲခရစ်ဝင် ၇း၂၁–၂၃**

## ယေရှု၏စစ်မှန်သောနောက်လိုက်များသည် ကိုယ်တော်ကိုနာခံသည်

ထိုသခင်ကိုကိုယ်တိုင်သိကျွမ်း သည်ကိုအဘယ်သို့ သိရသနည်း ဟူမူကား၊ပညတ်တော်တို့ကိုစောင့်ရှောက်လျှင်သိရသတည်း။

**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၂း၃**

ငါ့ဝိညာဉ်ကိုလည်း သင်တို့ အထဲသို့ သွင်း ပေး သ ဖြင့်၊ သင်တို့ သည်ငါ၏ တရား လမ်း သို့ လိုက်၍ ငါစီရင် တော်မူချက်တို့ ကို စောင့်ရှောက်ကြလိမ့်မည်။ **ယေဇကျေလအနာဂတ္တိကျမ်း ၃၆း၂၇**

ထိုသို့ စုံလင် ခြင်း သို့ ရောက် ပြီး မှ၊ ယုံကြည်နား ထောင် သော သူအပေါင်း တို့ အား ထာဝရကယ်တင် ခြင်း ကျေး ဇူး ကိုပြု သောသူ ဖြစ်တော်မူ(၏)။ **ဟေဗြဲဩဝါဒစာ ၅း၉**

သင်တို့ သည်အ ပြစ်ကရား ၏ လက်မှလွတ် ကြ ပြီ ဖြစ်၍၊ ဖြောင့် မတ်ခြင်းတရား၏ကျွန်ဖြစ်ကြ၏။ **ရောမဩဝါဒစာ ၆း၁၈**

အဘယ် ကြောင့်နည်း ဟူမူကား၊ ငါတို့ သည် ကောင်း သောအ ကျင့်တို့ ကိုကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြု ပြင်၍ ဖန်ဆင်း တော်မူရာ ဖြစ်၏။ ထို ကောင်း သောအကျင့်တို့ ၌ငါတို့ သည်ကျင် လည်ရမည်အကြောင်း၊ ဘုရား သခင်သည်ငါတို့ ကို ပြင်ဆင် တော် မူနှင့်ပြီ။ **ဧဖက်ဩဝါဒစာ ၂း၁၀**

ခရစ် တော်သည်သင်တို့ အထဲ ၌ရှိ တော်မူလျှင်၊ ကိုယ်ကာယ သည်အပြစ်ကြောင့်အ သေဖြစ်သော်လည်း၊ ဝိညာဉ်မူကားဖြောင့် မတ် ခြင်း ကြောင့်အသက်ရှင်လျက်ရှိ၏။ သင်တို့ သည်ဇာတိပကတိ အတိုင်း အသက်ရှင်လျှင် သေ ကြရမည်။ ဝိညာဉ် တော်အား ဖြင့်ကိုယ် ကာယ၏အကျင့်တို့ကိုသေစေလျှင်အသက်ရှင်ကြလိမ့်မည်။

**ရောမဩဝါဒစာ ၈း၁၀၊ ၁၃**

## လောကသည်ယေရှု၏နောက်တော်သို့ လိုက်သောသူများအားမုန်းတီးသည်

လောကီသား တို့ သည်သင်တို့ ကိုမုန်း လျှင်၊ သင်တို့ ကိုမမုန်း မှီ ငါ့ကိုမုန်း ကြသည်ဟုသိမှတ်ကြလော့။ သင်တို့ သည်လောကီနှင့်ဆက်ဆံလျှင်၊ လောကီသား တို့ သည်မိမိတို့ နှင့်ဆက်ဆံ သောသင်တို့ ကိုချစ်ကြလိမ့်မည်။ သင်တို့ သည်လောကီနှင့်မဆက်ဆံ၊ လောကီထဲကငါ ရွေး ကောက် သောသူဖြစ် သော ကြောင့်၊ လောကီသား တို့ သည်သင်တို့ ကိုမုန်းကြ၏။ **ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၈၊၁၉**

သင်တို့ ကိုသတ် သောသူမည်သည်ကား၊ ဘုရား ဝတ်ကိုငါပြု ပြီ ဟုထင်မှတ် သောအချိန်ကာလ ရောက်လိမ့်မည်။ ခမည်း တော်ကိုမသိ၊ ငါ့ကိုလည်းမသိသောကြောင့်ထိုသို့ပြုကြလိမ့်မည်။
**ရှင်ယောဟန်ခရစ်ဝင် ၁၆း၂(ခ)၊၃**

ဘုရား သခင်၏သား တော်ဟု ခေါ် ဝေါ် ခြင်း အခွင့်ကိုငါတို့ သည်ရ ကြမည်အကြောင်း ဘုရားသခင်သည် ငါတို့ကိုအဘယ်မျှ လောက်ချစ် တော်မူသည်ကိုကြည့်ရှုဆင် ခြင်ကြ လော့။ လောကီသား တို့သည်ဘုရားသခင်ကိုမသိသောကြောင့်ငါတို့ကိုလည်းမသိကြ။
**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၃း၁**

ငါတို့ သည်များ ပြား သောဆင်း ရဲ ဒုက္ခကိုခံ၍ ဘုရား သခင်၏ နိုင်ငံတော်သို့ဝင်ရကြမည်။ **တမန်တော်ဝတ္ထု ၁၄း၂၂(ခ)**

ယေရှုခရစ်၏ တရား တော်နှင့်အညီ ဘုရား ဝတ်၌ မွေ့ လျော်၍ နေ ခြင်း ငှါအလိုရှိ သောသူအပေါင်း တို့ သည်ညှဉ်း ဆဲ ခြင်း ကိုခံရ ကြလိမ့်မည်။ **တိမောသေဩဝါဒစာဒုတိယစောင် ၃း၁၂**

သင်တို့ သည် လောက၌ဆင်း ရဲ ဒုက္ခကိုခံရ ကြလိမ့်မည်။ သို့ သော်လည်း မစိုး ရိမ် ကြနှင့်။ ငါသည် လောကကို အောင် ပြီဟုမိန့် တော်မူ၏။ **ရှင်ယောဟန်ခရစ်ဝင် ၁၆း၃၃(ခ)**

သင်တို့ ကိုသတိနှင့် ကြည့်ရှု တော်မူ သော ကြောင့်၊ သင်တို့ ဥ္စစိုးရိမ်ခြင်းအမှုရှိသမျှတို့ ကိုကိုယ်တော်၌အပ်နှံကြလော့။

**ရှင်ပေတရုဩဝါဒစာပထမစောင် ၅း၇**

မစိုး ရိမ်နှင့်၊ ငါသည်သင့်ဘက်မှာရှိ၏။ မ ကြောက်နှင့်၊ သင်၏ ဘုရား သခင်ငါသည်သင့်ကိုခိုင်ခံ့ စေမည်။သင့်ကိုစောင့်မမည်။ငါ့သစ္စာလက်ျာလက်ဖြင့်ထောက်ပင့်မည်။

**ဟေရှာယအနာဂတ္တိကျမ်း ၄၁း၁၀**

ကိုယ်မိဘတို့ သည်အကျွန်ုပ်ကိုစွန့် သော်လည်း၊ ထာဝရဘုရားသည်အကျွန်ုပ်ကိုချီယူတော်မူမည်။ **ဆာလံကျမ်း ၂၇း၁၀**

ထာဝရဘုရား သည်ငါ့ကိုမစ တော်မူသည် ဖြစ်၍၊ လူသည်ငါ့၌ပြုနိုင်သမျှကိုငါမ ကြောက်ဟု၊ ငါတို့ သည်ရဲ ရင့် သောစိတ်နှင့်ပြောဆိုရသောအခွင့်ရှိကြ၏။ **ဟေဗြဲဩဝါဒစာ ၁၃း၆**

ခရစ် တော်၏ နာမ ကြောင့်၊ ကဲ့ ရဲ့ ခြင်း ကိုခံရလျှင်မင်္ဂလာရှိကြ၏။ အကြောင်း မူကား၊ ဘုရား သခင်၏ ဘုန်း ကြီး သောဝိညာဉ် တော်သည်သင်တို့ အပေါ် မှာကျိန်းဝပ်တော်မူ၏။

**ရှင်ပေတရုဩဝါဒစာပထမစောင် ၄း၁၄(က)**

သွား လေရာရာ၌သင်တို့ ကိုစောင့်ရှောက်စေခြင်းငှါ ကောင်းကင်တမန်တို့ အား သင်တို့ အဘို့ မှာထား တော်မူသည်။ အကယ်၍ သေမင်း ၏ အရိပ်လွှမ်း မိုး သောချိုင့်ထဲ သို့ လျှောက်သွား ရ သော်လည်း၊ ဘေး အန္တရာယ်ကိုမ ကြောက်ပါ။ အကြောင်း မူကား၊ ကိုယ်တော်သည်အကျွန်ုပ်နှင့်အတူရှိတော်မူသည်။

**ဆာလံကျမ်း ၉၁း၁၁။၂၃း၄**

## အပြစ်တရားနှင့်စာတန်မာရ်နတ်အပေါ် အောင်မြင်ခြင်း

လူ၌ဖြစ်တတ်သောစုံစမ်း နှောင့်ယှက်ခြင်းကိုသာသင်တို့သည်ခံရကြ၏။ဘုရားသခင်သည်သစ္စာနှင့်ပြည့်စုံတော်မူသည်ဖြစ်၍၊သင်တို့မခံနိုင် သောစုံစမ်း နှောင့်ယှက် ခြင်း ကိုသင်တို့ ၌ ရောက်စိမ့်သောငှါ အခွင့်ပေးတော်မမူ။သင်တို့သည်ခံနိုင်မည်အကြောင်း၊စုံစမ်းနှောင့်ယှက်ခြင်းအရာနှင့်တကွ၊ထွက်မြောက်သောလမ်းကိုလည်းစီရင်ပြုပြင်တော်မူလိမ့်မည်။ **ကောရိန္သုဩဝါဒစာပထမစောင် ၁၀:၁၃**

ထို့ ကြောင့်ငါတို့သည်သနားခြင်းကရုဏာကိုငှင်း၊တော်လျော်သောမစခြင်းကျေးဇူးတော်ကိုငှင်းခံရမည်အကြောင်းရဲရင့်သောစိတ်နှင့်ကျေးဇူးပလ္လင်တော်သို့တိုးဝင်ချဉ်းကပ်ကြကုန်အံ့။

**ဟေဗြဲဩဝါဒစာ ၄:၁၆**

ဘုရား သခင်သည်အလင်း ၌ရှိ တော်မူသကဲ့ သို့၊ ငါတို့ သည်အလင်း ၌ကျင်လည်လျှင်၊အချင်း ချင်းမိတ်သဟာယဖွဲ့ ခြင်းရှိကြသည်ဖြစ်၍၊ ဘုရား သခင်၏ သား တော် ယေရှုခရစ်၏ အသွေး တော်သည်ငါတို့အပြစ်ရှိသမျှကိုဆေးကြောတော်မူ၏။

**ရှင်ယောဟန်ဩဝါဒစာပထမစောင် ၁:၇**

လူပျိုတို့ ၏တပ်မက်သောကိလေသာစိတ်ကိုကြဉ်ရှောင်လော့။ဖြောင့်မတ် ခြင်း၊သစ္စာရှိခြင်း၊ချစ်ခြင်း၊စင်ကြယ်သောစိတ်ရှိ၍၊သခင်ဘုရား ကိုပဌနာပြု သောသူတို့ နှင့်အသင့်အတင့် နေ ခြင်း တို့ ကိုမှီအောင်လိုက်လော့။ **တိမောသေဩဝါဒစာဒုတိယစောင် ၂:၂၂**

ဘုရား သခင်၏ အလို တော်သို့ လိုက် ကြ လော့။ မာရ်နတ်ကိုဆီးတားကြလော့။သို့ပြုလျှင်သူသည်သင်တို့ထံကပြေးသွားလိမ့်မည်။

**ရှင်ယာကုပ်ဩဝါဒစာ ၄:၇**

ကိုယ်တော်ကိုမပြစ်မှားဘဲ နေနိုင်မည်အကြောင်း၊ဗျာဒိတ်တော်ကိုနှလုံးထဲမှာသိုထားပါပြီ။ **ဆာလံကျမ်း ၁၁၉:၁၁**

## စစ်မှန်သောဆုတောင်းခြင်းသည်ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းဖြစ်၏

ငါ၏ မျက်နှာကိုရှာ ကြ လော့ဟု သောအမိန့် တော်ကို ရှေ့တော်၌အကျွန်ုပ်သည်သတိပြုလျက်၊ အိုထာဝရဘုရား ကိုယ် တော်၏ မျက်နှာကိုရှာပါမည်။ **ဆာလံကျမ်း ၂၇း၈**

အိုလူများ တို့၊ ဘုရား သခင်၌အစဉ်မ ပြတ်ခိုလှုံ ကြ လော့။ ရှေ့တော်၌စိတ်နှလုံး ကိုဖွင့် ပြ ကြ လော့။ ဘုရား သခင်သည်ငါတို့ ခိုလှုံရာဖြစ်တော်မူ၏။ **ဆာလံကျမ်း ၆၂း၈**

အိုထာဝရဘုရား၊ ကျွန်ုပ်၏ အနာကို ငြိမ်း စေ တော်မူပါ။ သို့ ပြုလျှင်အကျွန်ုပ်သည်အနာငြိမ်းပါလိမ့်မည်။အကျွန်ုပ်ကိုကယ်တင်တော်မူပါ။သို့ပြုလျှင်အ ကျွန်ုပ်သည်ကယ်တင်ခြင်းသို့ ရောက်ပါလိမ့်မည်။ ကိုယ်တော်သည်အကျွန်ုပ်ချီးမွမ်းရာဖြစ်တော်မူ၏။

**ယေရမိအနာဂတ္တိကျမ်း ၁၇း၁၄**

မ ခြား မလပ်ဆု တောင်း ပတ္ထနာပြု ကြ လော့။ အရာရာ၌ ကျေးဇူး တော်ကိုချီး မွမ်း ကြလော့။ အကြောင်း မူကား သင်တို့ သည်ထိုသို့ ကျင့်စေခြင်းငှါ၊ယေရှုခရစ်၌ဘုရားသခင်အလိုတော်ရှိ၏။

**သက်သာလောနိတ်ဩဝါဒစာပထမစောင် ၅း၁၇၊၁၈**

သင်တို့ တွင်တစုံတယောက် သောသူသည်ပညာကိုလိုလျှင်၊ ကဲ့ ရဲ့ ပြစ်တင် ခြင်း ကိုပြု တော်မမူဘဲ၊ ခပ်သိမ်း သောသူတို့ အား စေတနာစိတ်နှင့် ပေး သနား တော်မူ သောဘုရား သခင်ကို တောင်း စေ။ တောင်းလျှင်ရလိမ့်မည်။ **ရှင်ယာကုပ်ဩဝါဒစာ ၁း၅**

သင်တို့ သည်ငါ၌တည်၍၊ ငါ့စကား သည်သင်တို့ ၌တည်လျှင်၊ သင်တို့သည်တောင်းချင်သမျှကိုတောင်း၍ရကြလိမ့်မည်။

**ရှင်ယောဟန်ခရစ်ဝင် ၁၅း၇**

ငါသည်ထာဝရဘုရား ကိုရှာ သောအခါနား ထောင် တော်မူ၏။ ကြောက်မက်ဖွယ် သောအကြောင်း အလုံး စုံတို့ အထဲ က ငါ့ကို ကယ်နှုတ်တော်မူ၏။ **ဆာလံကျမ်း ၃၄း၄**

## ယေရှုသည်မကြာမီကြွလာတော့မည်။ ပြင်ဆင်လျက်ရှိကြလော့

သခင်ဘုရားသည်ကြွေး ကြော်ခြင်း၊ ကောင်းကင်တမန်မင်းအသံပေးခြင်း၊ဘုရားသခင်၏တံပိုးတော်ကိုမှုတ်ခြင်းနှင့်တကွ၊ကောင်းကင်ဘုံမှကိုယ်တိုင်ဆင်း သက် တော်မူ၍၊ ခရစ် တော်၌ သေလွန် သောသူတို့သည်အဦး ထ မြောက် ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသောငါတို့ သည်အာကာသ ကောင်း ကင်၌သခင်ဘုရား ထံ တော်သို့ ရောက် စေခြင်းငှါ၊ ထိုသူတို့ နှင့်တကွမိုး တိမ် ပေါ် သို့ ချီဆောင်ခြင်းကိုခံရ သောအား ဖြင့်၊ သခင်ဘုရား နှင့်အတူအစဉ်မ ပြတ် နေရကြလိမ့်မည်။ **သက်သာလောနိတ်ဩဝါဒစာပထမစောင် ၄း၁၆၊၁၇**

ထို့ ကြောင့်ချစ်သူတို့၊ ထိုကတိ တော်များ နှင့်ငါတို့ သည်ဆိုင်ကြသည် ဖြစ်၍၊ ကိုယ်ခန္ဓာ၏ အညစ်အကြေး၊ စိတ်ဝိညာဉ်၏ အညစ်အကြေး ရှိသမျှတို့ နှင့်ကိုယ်ကိုကိုယ်ကင်း စင် စေလျက်၊ ဘုရား သခင်ကိုကြောက်ရွံ့၍သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့။

**ကောရိန္သုဩဝါဒဝာဒုတိယစောင် ၇း၁**

ချစ်သား တို့၊ သား တော်သည်ထင်ရှား ပေါ် ထွန်း တော်မူသောအခါ၊ ငါတို့ သည်အထံ တော်သို့ ရောက်လျက်ရဲ ရင့်ရသောအခွင့်ရှိ၍၊ရှုက်ကြောက်ခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊သားတော်၌တည်နေကြလော့။ **ရှင်ယောဟန်ဩဝါဒစာပထမစောင် ၂း၂၈**

သင်တို့ သည်လည်းသည်းခံ၍စောင့်နေကြလော့။ကိုယ်စိတ်နှလုံးကို မြဲမြံစေကြလော့။သခင်ဘုရားကြွလာတော်မူသောအချိန်ရောက်လုနီး ပြီ။ ညီအစ်ကိုတို့၊ စစ် ကြောစီရင် ခြင်း နှင့်ကင်း လွတ်မည်အကြောင်း၊အချင်းချင်းငြင်းခုံပြစ်တင်ခြင်းကိုမပြုကြနှင့်။တရားစီရင်ပိုင်သောသူသည်တံခါးနားမှာရှိတော်မူ၏။

**ရှင်ယာကုပ်ဩဝါဒစာ ၅း၈၊၉**

## ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိကြလော့

ငါဆုံး မ သောစကား ကိုနား ထောင်၍ ပြောင်း လဲ ကြ လော့။ ငါ့ဝိညာဉ်ကိုသင်တို့ အပေါ် သို့ ငါသွန်း လောင်း ၍၊ ငါ့စကား ၏ အနက်အဓိပ္ပါယ်ကိုနားလည်စေမည်။ **သုတ္တံကျမ်း ၁း၂၃**

. . . . သင်တို့ ၏ အ ပြစ်ကိုလွှတ် စေ ခြင်း ငှါ နောင်တရ၍ တ ယောက်မျှမကြွင်း၊ ယေရှုခရစ်၏နာမဌဲဗတ္တိဇံကိုခံကြလော့။သို့ပြုလျှင် သန့် ရှင်း သောဝိညာဉ်တော်တည်း ဟူသောဆုကျေးဇူး တော်ကိုခံရ ကြလိမ့်မည်။ **တမန်တော်ဝ တ္ထု ၂း၃၈**

လွန်ကျူး စေတတ် သောစပျစ်ရည်နှင့်ယစ်မူး ခြင်း ကို ရှောင်၍ ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။ ဆာလံသီချင်းမှစ သော ဓမ္မသီချင်း အမျိုး မျိုး တို့ ကိုအချင်း ချင်း ပြောဆိုဖတ်ရွတ်၍ နူး ညွတ် သောစိတ်နှလုံး နှင့်သခင်ဘုရား ရှေ့ တော်၌ကျူး ၍ သီချင်း ဆိုကြ လော့။ ခပ်သိမ်းသောအရာတို့၌ကျေးဇူးတော်ကြီးလှပါ၏ဟုငါတို့ သခင်ယေရှုခရစ်၏နာမတော်ကိုထောက်၍ခမည်းတော်ဘုရားသခင် ရှေ့၊ ကာလအစဉ်မ ပြတ်ဝန်ခံ ကြ လော့။ ခရစ် တော်ကိုခန့် ညား သောအား ဖြင့်အချင်း ချင်း တယောက် အောက်တယောက်ကိုယ် ကိုနှိမ့်ချလျက်နေကြလော့။ **ဧဖက်သြဝါဒစာ ၅း၁၈–၂၁**

အကြောင်း မူကား သင်တို့ သည်အလိုရှိ စေ ခြင်း ငှါ၄င်း၊ အကျင့်ကျင့်စေခြင်းငှါ၄င်း၊သင်တို့အထဲ၌စေတနာတော်အားဖြင့်ပြု ပြင်တော်မူသူကားဘုရားသခင်ပေတည်း။ **ဖိလိပ္ပိသြဝါဒစာ ၂း၁၃**

သင်တို့ သည်ဘုရား သခင်၏ ဗိမာန် တော် ဖြစ် ကြသည်ကို၄င်း၊ ဘုရား သခင်၏ ဝိညာဉ် တော်သည်သင်တို့ အထဲ ၌ကျိန်း ဝပ် တော် မူသည်ကို၄င်း မသိ ကြသ လော။ သင်တို့ သည်အဘိုး နှင့်ဝယ် တော်မူ သောသူ ဖြစ် သော ကြောင့်ဘုရား သခင်ပိုင် တော်မူ သောသင်တို့ ၏ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်အား ဖြင့်ဘုရား သခင်၏ ဂုဏ် တော်ကိုထင် ရှားစေကြလော့။ **ကောရိန္သုသြဝါဒစာပထမစောင် ၃း၁၆၊၆း၂၀**

အာခဖုဲ – ရောင်းရန်မဟုတ်